MAPCO
AGRIBUSINESS

Myanmar
Agribusiness
Public
Company
Limited

# ANNUAL REPORT
# 2023-2024

# ဒါရိုက်တာအဖွဲ့၏
# လုပ်ငန်းဆောင်ရွက်မှုအခြေအနေ အစီရင်ခံတင်ပြစာ
# (Directors' Report to Shareholders)

၁။ ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ်တွင် ဒါရိုက်တာအဖွဲ့အနေဖြင့် ကုမ္ပဏီရပ်တည်ရှင်သန်နေနိုင်ရေး၊ ဆန်ပြည်ပတင်ပို့မှုလုပ်ငန်းများအပါအဝင် ဆောင်ရွက်လက်စဖြစ်သောလုပ်ငန်းများကို ဦးစားပေး၍ လုပ်ဆောင်လျက်ရှိပါသည်။ နိုင်ငံတော်အစိုးရ၏ မူဝါဒဖြစ်သော ပို့ကုန်မြှင့်တင်ရေး၊ သွင်းကုန်အစားထိုးရေး မူဝါဒနှင့်ဆက်စပ်ပြီး ဆန်စပါးလုပ်ငန်း၏ ဘေးထွက်ပစ္စည်းဖြစ်သော ဖွဲနုမှဖွဲနုဆီ(Rice Bran Oil)ထုတ်လုပ်မှုစီမံကိန်းကို ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်နှင့် ဧရာဝတီတိုင်းဒေသကြီး(မြောင်းမြ)တို့ရှိ ကုမ္ပဏီ၏ မြေလွတ်ဧရိယာများတွင် စတင်ရင်းနှီးမြှုပ်နှံလုပ်ဆောင်လျက်ရှိပါကြောင်း ဖော်ပြအပ်ပါသည်။ ဖွဲနုဆီထုတ်လုပ်မှုလုပ်ငန်းသည် အကျိုးစီးပွားဖြစ်ထွန်းမှုအလားအလာများစွာရှိသော လုပ်ငန်းဖြစ်၍ ဒါရိုက်တာအဖွဲ့အနေဖြင့် ဦးစားပေးဆောင်ရွက်လျက်ရှိပါကြောင်း တင်ပြအပ်ပါသည်။

၂။ အစုရှယ်ယာရှင်အချို့အနေဖြင့် အစုရှယ်ယာလွှဲပြောင်းရောင်းချလိုသည့် ဆန္ဒရှိသလို အချို့သောအစုရှယ်ယာရှင်များအနေဖြင့် လက်ရှိအခြေအနေတွင် ဆောင်ရွက်လက်စလုပ်ငန်းများ ပြီးစီးစေရေးနှင့် ဘဏ်ချေးငွေများ ပြန်လည်ပေးဆပ်ရေးကိစ္စများကိုသာ ဦးစားပေးဆောင်ရွက်စေလိုသော အကြံပြုချက်များကို တင်ပြအကြံပြုကြပါသည်။ ဒါရိုက်တာအဖွဲ့အနေဖြင့် အခြေအနေအရပ်ရပ်အပေါ် ကျယ်ပြန့်နက်ရှိုင်းစွာ သုံးသပ်ခြင်း၊ ကုမ္ပဏီနှင့် အစုရှယ်ယာရှင်များ၏ ရေတိုအကျိုးစီးပွားထက် ရေရှည်အကျိုးစီးပွားဖြစ်ထွန်းမှုကို ထည့်သွင်းစဉ်းစားခြင်းတို့ကို ဆောင်ရွက်ပြီး၊ လတ်တလောတွင် အစုရှယ်ယာလွှဲပြောင်းရောင်းချမှုများကို ရောင်းလိုသူနှင့် ဝယ်လိုသူများအကြား မှန်ကန်မြန်ဆန်စွာ ချိတ်ဆက်ကူညီဆောင်ရွက်ပေးခြင်း၊ သင့်လျော်သည့် အချိန်တွင် ရန်ကုန်စတော့အိတ်ချိန်း (YSX) ၏ ဒုတိယဈေးကွက်ဖြစ်သော Prelisting Board တွင် စာရင်းသွင်းပါဝင်ဆောင်ရွက်ခြင်းဖြင့် အစုရှယ်ယာရှင်များအတွက် ပို၍လွယ်ကူမြန်ဆန်စေမည့် အစုရှယ်ယာလွှဲပြောင်းရောင်းချမှုဖြစ်စေရန် ဦးစားပေးဆောင်ရွက်လျက်ရှိပါကြောင်း တင်ပြအပ်ပါသည်။

၃။ မြန်မာနိုင်ငံလယ်ယာစီးပွားရေးအများပိုင်ကုမ္ပဏီလီမိတက်(MAPCO)အနေဖြင့် လယ်ယာကဏ္ဍနှင့်လယ်ယာကဏ္ဍကို အခြေခံသောထုတ်လုပ်မှု၊ လယ်ယာထွက်ကုန် တင်ပို့ရောင်းချမှုတို့ကို ဆောင်ရွက်နေသောကုမ္ပဏီဖြစ်သည့်အားလျော်စွာ လယ်ယာကဏ္ဍနှင့်ဆက်စပ်သော စိန်ခေါ်မှုများ၊ အခက်အခဲများကို ရင်ဆိုင်ကြုံတွေ့ရပါသည်။ နိုင်ငံအတွင်း ကုန်ဈေးနှုန်းများအပါအဝင် ငွေကြေးဖောင်းပွမှုများဖြစ်စေရန် လှုံ့ဆော်ဆောင်ရွက်နေသူအချို့ကြောင့် ဈေးကွက်တည်ငြိမ်မှု အားနည်းစေခြင်း၊ မရေရာမသေချာသော (Uncertainties) များ ပိုများလာ၍ မိမိတို့၏ ဆောင်ရွက်ဆဲလုပ်ငန်းများကို ရေတိုအကျိုးစီးပွားထက် နည်းမှန်လမ်းမှန်ဖြင့်သာ ဖွံ့ဖြိုးတိုးတက်စေနိုင်သည့် (Safe and Sustainable Pathway)ကိုသာ နိုင်ငံအကျိုး၊ ကုမ္ပဏီ၏အကျိုးကို ဖော်ဆောင်ရန် ရွေးချယ်ဆောင်ရွက်နေပါကြောင်း လေးစားစွာတင်ပြအပ်ပါသည်။

၄။ မြန်မာနိုင်ငံလယ်ယာစီးပွားရေးအများပိုင်ကုမ္ပဏီလီမိတက်(MAPCO)အနေဖြင့် ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်ကုန်၊ မတ်လ(၃၁)ရက်နေ့တွင် အစုရှယ်ယာရှင်ဦးရေ(၁၅၀၁)ဦး၏ ထည့်ဝင်ရင်းနှီးမြှုပ်နှံသော ငွေကြေးများဖြင့် လယ်ယာကဏ္ဍအခြေခံသောလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ အစီရင်ခံကာလအတွင်း လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို တတ်နိုင်သမျှ ပြည့်စုံစွာ ဤစာအုပ်တွင် ဖော်ပြထားပါသည်။ ထပ်မံ၍ သိရှိလိုသည်များရှိပါက

ရုံးချုပ်တွင် လာရောက်တွေ့ဆုံဆွေးနွေးနိုင်သလို အကြံပြုတင်ပြစာများကိုလည်း bod@mapco-ygn.com သို့ Email ပေးပို့တင်ပြနိုင်ပါကြောင်း လေးစားစွာ အသိပေးအပ်ပါသည်။

၅။ မြန်မာနိုင်ငံ၏ GDP တိုးတက်မှုနှုန်းသည် လွန်ခဲ့သော (၃)နှစ်တာကာလအတွင်း ပျမ်းမျှ (၂-၃)ရာခိုင်နှုန်းခန့်သာ တိုးတက်မှုရှိနိုင်ကြောင်း၊ ငွေဖောင်းပွမှု(inflation)သည် double digit ဖြစ်နိုင်ကြောင်း စီးပွားရေးသုတေသီများက ဖော်ပြကြပြီး ပြည်တွင်းပုဂ္ဂလိကစီးပွားရေးလုပ်ငန်းအများစုအနေဖြင့် အခက်အခဲများ၊ စိန်ခေါ်မှုများနှင့် လုံးပန်းနေကြရပါသည်။ နိုင်ငံတော်အစိုးရအနေဖြင့်လည်း နယ်စပ်ဒေသတည်ငြိမ်ရေးနှင့် ငြိမ်းချမ်းရေးကိစ္စများအပါအဝင် အခြားသော နိုင်ငံရေး၊ စီးပွားရေးနှင့် လူမှုရေးဆိုင်ရာအခက်အခဲများကို ရင်ဆိုင်ဖြေရှင်းကြိုးပမ်းနေရသည့်မှာ အားလုံးအသိပင်ဖြစ်ပါသည်။ မတည်မငြိမ်းဖြစ်မှု အခြေအနေများကြောင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများအနေဖြင့် ပို၍စိုးရိမ်ပူပန်မှုများရှိသဖြင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများကို အကောင်အထည်ဖော်ရန် ပိုမိုအချိန်ယူ ဆွေးနွေးဆန်းစစ်သုံးသပ်ကြပါသည်။ လယ်ယာကဏ္ဍတွင် ပါဝင်ရင်းနှီးမြှုပ်နှံရန် ချိတုံချတုံဖြစ်ပြီး MAPCO မှဆောင်ရွက်လျက်ရှိသော နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုအခြေအနေများသည် အလွန်နှေးကွေးတုံ့ဆိုင်းလျက်ရှိပါသည်။

၆။ MAPCO အနေဖြင့် ရင်းနှီးမြှုပ်နှံမှုစီမံကိန်းများကို ရည်မှန်းချက်ကြီးကြီးထား၍ ဆောင်ရွက်လျက်ရှိသော်လည်း ဆောင်ရွက်လက်စလုပ်ငန်းများကို ပြီးစီးအောင်ဆောင်ရွက်ရန်ခက်ခဲနေခြင်း၊ နိုင်ငံခြားမိတ်ဖက်များအနေဖြင့် အချိန်ယူစဉ်းစားနေခြင်းတို့ကြောင့် MAPCO အနေဖြင့် မျှော်မှန်းထားသည့်ရလဒ်များရရှိရန် နှောင့်နှေးကြန့်ကြာမှုများ၊ အခက်အခဲများနှင့် ရင်ဆိုင်ကြုံတွေ့နေရပါသည်။ ထိုသို့ အခက်အခဲများ ကြုံတွေ့နေရသလို နိုင်ငံတော်အစိုးရဌာနများသို့ တင်ပြအတည်ပြုချက်ရယူမှုများ၊ ခွင့်ပြုမိန့်ရယူခြင်းများတွင် မျှော်မှန်းထားသည်ထက် အချိန်ကြာမြင့်မှုများကြောင့် လုပ်ငန်းများလုပ်ဆောင်ရာတွင် အခက်အခဲများဖြင့် ကြုံတွေ့ရပါသည်။ ထိုသို့သော အခက်အခဲများအားကျော်ဖြတ်နိုင်ရေးအတွက်လည်းကောင်း၊ ကုမ္ပဏီ၏ ငွေကြေးနှင့် ဘဏ္ဍာရေးဆိုင်ရာ တိုးတက်မှုရရှိစေရန်အတွက်လည်းကောင်း၊ ဒါရိုက်တာအဖွဲ့အနေဖြင့် အောက်ဖော်ပြပါ ဦးစားပေးလုပ်ငန်း (၅)ရပ်ကို ၂၀၁၈-၂၀၁၉ ခုနှစ်ကတည်းက ချမှတ်ဆောင်ရွက်လျက်ရှိခဲ့ပါသည်။ ယခုနှစ်တွင်လည်း အဆိုပါ လုပ်ငန်းစဉ်(၅)ရပ်ကို အနည်းငယ်ပြုပြင်ဖြည့်စွက်၍ ဆက်လက်စွဲကိုင် ဦးစားပေးဆောင်ရွက်လျက်ရှိပါသည်။ ယင်းလုပ်ငန်းစဉ် (၅)ရပ်မှာ -

(၁) ကုန်သွယ်မှုများကို တိုးမြှင့်ဆောင်ရွက်ရေးနှင့် ဝင်ငွေတိုးတက်ရာဖွေရရှိရေး
(၂) အစုရှယ်ယာအရင်းအနှီးတိုးမြှင့်ရရှိနိုင်ရေး
(၃) အသုံးစရိတ်များကို ပိုမိုစိစစ်သုံးစွဲရေး
(၄) မျှော်မှန်းထားသလောက် ဝင်ငွေရှာဖွေနိုင်ခြင်းမရှိသောလုပ်ငန်းများနှင့် ကိုယ်တိုင်စီမံခန့်ခွဲဆောင်ရွက်ရန်ခက်ခဲသောလုပ်ငန်းများကို အပြည့်အဝဖြစ်စေ၊ တစ်စိတ်တစ်ပိုင်းဖြစ်စေ ထုခွဲရောင်းချရေး

၇။ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် အစုရှယ်ယာရှင်များ၊ ကုမ္ပဏီ၏ဝန်ထမ်းများ၊ ပြည်တွင်းပြည်ပမိတ်ဆွေများ အပါအဝင် မြန်မာနိုင်ငံအနှံ့ရှိ ပြည်သူလူထုတစ်ရပ်လုံး ဘေးအန္တရာယ်များကင်းရှင်းစေရန်၊ ငြိမ်းချမ်းစေရန်နှင့် စီးပွားဥစ္စာတိုးတက်စေရန် မေတ္တာပို့သလျက် ဒါရိုက်တာအဖွဲ့၏အစီအရင်ခံတင်ပြစာကို နိဂုံးချုပ်အပ်ပါသည်။



(ရဲမင်းအောင်)
ဥက္ကဋ္ဌ / အုပ်ချုပ်မှုဒါရိုက်တာ
၂၀၂၄ ခုနှစ်၊ ဇူလိုင်လ (၃၁)ရက်နေ့

MAPCO
AGRIBUSINESS

# MAPCO ဖွဲ့စည်းတည်ထောင်မှု

မြန်မာ နိုင်ငံဆန်စပါးအသင်းချုပ်ဥက္ကဋ္ဌဦးချစ်ခိုင်နှင့်ဗဟိုအလုပ်မှုဆောင်အဖွဲ့ဝင်များသည် (၂၃.၁.၂၀၁၂) ရက်နေ့တွင်နိုင်ငံတော်သမ္မတကြီးဦးသိန်းစိန်နှင့်တွေ့ဆုံ၍ ဆန်စပါးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး၊ လယ်ယာကဏ္ဍဖွံ့ဖြိုးရေးတို့နှင့်ပတ်သက်၍ ရှင်းလင်းတင်ပြခဲ့ပါသည်။ နိုင်ငံတော်သမ္မတကြီးက အများပြည်သူပါဝင်မှုရှိသည့် အများပိုင်ကုမ္ပဏီဖွဲ့စည်းပြီး ရင်းနှီးမြှုပ်နှံမှုဆောင်ရွက်ရန် လမ်းညွှန်ခဲ့သဖြင့် **MAPCO** အများပိုင်ကုမ္ပဏီအဖြစ် မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်၏ ဦးဆောင်မှုဖြင့် ဖွဲ့စည်းတည်ထောင် ခဲ့ပါသည်။

အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန၊ ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန၏ ခွင့်ပြု ချက်အမှတ်(၁၃၄/၂၀၁၂-၂၀၁၃)ဖြင့် ဖွဲ့စည်းတည်ထောင်ခဲ့ပြီး၊ (၁.၈.၂၀၁၂)ရက်နေ့တွင် လုပ်ငန်းစတင်လုပ်ဆောင်ခွင့်လက်မှတ် (**Certificate for Commencement of Business**) အမှတ် ၁/၂၀၁၂ ကိုရရှိခဲ့ပါသည်။ ၂၀၁၁-၂၀၁၂ ဒီမိုကရေစီ အစိုးရသစ်လက်ထက်တွင် ပထမဦးဆုံးလုပ်ကိုင်ခွင့်ရရှိသော အများပိုင်ကုမ္ပဏီတစ်ခုဖြစ်ပါသည်။ မြန်မာ့လယ်ယာကဏ္ဍတွင် ရင်းနှီးမြှုပ်နှံမှုများ ဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်၍ နိုင်ငံတကာအများပိုင်ကုမ္ပဏီကြီးများ၏ ဖွဲ့စည်းပုံ၊ စည်းမျဉ်းစည်းကမ်းနှင့်အညီ လုပ်ငန်းဆောင်ရွက်ရန်အတွက် ဖွဲ့စည်းတည်ထောင်ထား ခြင်းဖြစ်ပါသည်။ အများပြည်သူသို့ အစုရှယ်ယာစတင်ရောင်းချခြင်းကို ၂၀၁၂ ခုနှစ်၊ သြဂုတ်လတွင် စတင်ဆောင်ရွက်ခဲ့ပြီး ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်အထိ အစုရှယ်ယာဝင်ဦးရေ(၁၅၀၉)ဦး ပါဝင်ရင်းနှီးမြှုပ်နှံလျှက်ရှိပါသည်။

## မျှော်မှန်းချက်

မြန်မာနိုင်ငံ၏ ဆန်စပါးလုပ်ငန်းနှင့် လယ်ယာကဏ္ဍဖွံ့ဖြိုးရေးအတွက် ဦးဆောင်အဖွဲ့အစည်းဖြင့် ရပ်တည်ဆောင်ရွက်အကျိုးပြု နိုင်ရန်။

## ဦးတည်ချက်များ

(၁) မြန်မာနိုင်ငံတွင် ဂုဏ်သတင်းထင်ရှားကျော်ကြားပြီး အကျိုးအမြတ်ရှိသော အများပိုင်ကုမ္ပဏီတစ်ခုအဖြစ် အောင်မြင်စွာ ရပ်တည်ဆောင်ရွက်နိုင်ရန်။

(၂) လယ်ယာစီးပွားရေးလုပ်ငန်းများကိုစဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်စေရန် လုပ်ဆောင်ခြင်းဖြင့် သက်ဆိုင်သူ (Stakeholders)များအားလုံး အကျိုးဖြစ်ထွန်းစေပြီး မြန်မာနိုင်ငံ၏ စားနပ်ရိက္ခာ ဖူလုံရေးနှင့် စီးပွားရေး လျှင်မြန်စွာ ဖွံ့ဖြိုးတိုးတက်စေခြင်းတို့ကိုပါ အကျိုးပြုနိုင်ရန်။

(၃) အစုရှယ်ယာရှင်များ၏ အကျိုးစီးပွားများနှင့် ဥစ္စာဓန ပိုမိုတိုးပွားကောင်းမွန်စေရန်အတွက် မဟာဗျူဟာမြောက်သော ရင်းနှီးမြှုပ်နှံမှုများ ဆောင်ရွက်ရန်။

(၄) လယ်ယာစိုက်ပျိုးရေးနှင့် စိုက်ပျိုးရေးအခြေခံ စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးရေးအတွက် ပုဂ္ဂလိကအခန်းကဏ္ဍမှဦးဆောင် ဆောင်ရွက်ရန်။

(၅) မြန်မာနိုင်ငံ၏စီးပွားရေးဖွံ့ဖြိုးစေရန်အတွက် လိုအပ်သော အခြေခံအဆောက်အဦး (infrastructure)များ၊ သိုလှောင်ရေးနှင့် သယ်ယူပို့ဆောင်ရေးဆိုင်ရာ (Logistics) လုပ်ငန်းများကိုဆောင်ရွက်ရန်။

(၆) မြန်မာ့ဈေးကွက်နှင့် ကမ္ဘာ့ဈေးကွက်တို့တွင် ထိပ်တန်းကုမ္ပဏီတစ်ခုအဖြစ် ရပ်တည်နိုင်ရန်။

# BACKGROUND INFORMATION OF MAPCO

On 21st January 2012, U Chit Khine, Chairman of **Myanmar Rice Federation (MRF)**, together with senior Central Executive Committee members of **MRF**, had a courtesy meeting with H.E. President U Thein Sein and cabinet ministers. The purpose of the meeting was to promote private-public partnership for the development of rice industry and agriculture sector of Myanmar. One of the outcomes of the meeting is to form a Public Company which can increase the investment and trade of the rice industry and agriculture sector. Hence, **Myanmar Agribusiness Public Corporation Limited (MAPCO)** was formed in 2012 under the guidance and initiative of Myanmar Rice Federation. **MAPCO** therefore acts as the business arm of **Myanmar Rice Federation**.

**MAPCO** was formally formed in August, 2012 as the Public Company, fully-owned by private investors. **MAPCO** intends to mobilize public savings and to foster broader investment in agriculture and agro-based industries of Myanmar. In addition, **MAPCO** is founded in response to the growing demand for a business corporation to lead the private sector of Myanmar's rice industry. Using market-based approaches and strategies, as well as working in partnership with stakeholders from the farmers to the exporters, **MAPCO** promises and promotes sustainability and profitability in the interest of national food security, rice and agriculture sector development of Myanmar. **MAPCO** works closely with the Government of Myanmar to set up and invest not only in modern rice mills and warehousing facilities but also on infrastructure and strategic projects to help alleviate poverty through agribusiness activities within the rural communities. The set of ideals that **MAPCO** carries is a paradigm shift from the previous agribusiness model to a more robust and comprehensive system.

The following details are about official incorporation of **MAPCO**:
**Incorporation Certificate** – No.134/2012-2013
(Issued by Department of Investment & Company Administration)

**Commencement of Business Certificate** – No.1/2012 (1-8-2012)
(Issued by Department of Investment & Company Administration)

**Commencement of Initial Public Offering** - (16-8-2012)
Numbers of shareholders (as of 2023-2024) – 1509 shareholders

## Vision

To be the vanguard of rice and agriculture industry of Myanmar

## Key Objectives

(1) To stand successfully as the most vibrant, dynamic and profitable public corporation in Myanmar


(2) To develop and sustain agribusiness activities so as to ensure prosperity for all stakeholders in the interests of national food security and rapid e conomic development

(3) To improve interest and wealth of shareholders by making long-term strategic investment


(4) To implement private sector-led development in agriculture and agro-based industries

(5) To develop and improve infrastructure and logistics with regard to economic development of Myanmar

(6) To be a market leader in Myanmar and in global market place




MAPCO's commitment to sustainable growth for rice industry and agriculture sector encompasses three main pillars as follows:



# MAPCO Group Member ကုမ္ပဏီများ

MAPCO မှ ရင်းနှီးမြှုပ်နှံထားသော Group Member ကုမ္ပဏီများ


| No. | Companies | Shareholding Percentage |
|---|---|---|
| 1. | MAPCO Golden Lace Co., Ltd | 100% |
| 2. | MAPCO Naypyitaw Co., Ltd | 100% |
| 3. | MAPCO Engineering & Contracting Co., Ltd | 100% |
| 4. | MAPCO Logistics Co., Ltd | 100% |
| 5. | Myanmar Agribusiness Services Co., Ltd | 100% |
| 6. | Myanmar Japan Rice Industry Co., Ltd | 100% |
| 7. | MAPCO Ayeyar Rice Industry Co., Ltd | 40% |
| 8. | Myaung Mya FM Biomass Power Co., Ltd | 20% |

MAPCO AGRIBUSINESS

## မြန်မာနိုင်ငံလယ်ယာစီးပွားရေးအများပိုင်ကုမ္ပဏီလီမိတက်(MAPCO)ဒါရိုက်တာအဖွဲ့

| No. | Name | Responsibilities/Positions |
|---|---|---|
| 1. | U Ye Min Aung | Chairman of the Board/Managing Director |
| 2. | U Aung Myint | Board Member/Executive Director |
| 3. | U Kyaw Kyaw Win | Board Member /Executive Director |
| 4. | U Han Thaw Zay | Board Member /Executive Director |
| 5. | U Tun Lwin | Board Member /Non-Executive Director |
| 6. | U Maung Maung Kyaw WIn | Board Member /Non-Executive Director |
| 7. | Daw Khin Mi Mi Soe | Board Member /Non-Executive Director |
| 8. | U Thura | Independent Director |
| 9. | U Thet Zin Mg | Independent Director |

## ပြောင်းလဲပြင်ဆင်ထားသည့်ဖွဲ့စည်းပုံ



MAPCO
AGRIBUSINESS

# ဒါရိုက်တာအဖွဲ့ဝင်များ၏ အစုရှယ်ယာပါဝင်မှုအခြေအနေ (၂၀၂၄ ခုနှစ်၊ ဇူလိုင်လ(၃၁)ရက်နေ့အထိ)

## BOD's Shareholding Status

| No. | Shareholders Name | No.of Shares | Amount(k) | Percentages % |
|---|---|---|---|---|
| 1 | U Ye Min Aung | 23,340 | 233,400,000 | 0.97 % |
| 2 | U Aung Myint | 10,420 | 104,200,000 | 0.43 % |
| 3 | U Kyaw Kyaw Win | 41,620 | 416,200,000 | 1.72 % |
| 4 | U Tun Lwin | 104,020 | 1,040,200,000 | 4.31 % |
| 5 | U Maung Maung Kyaw Win | 50,830 | 509,100,000 | 2.10 % |
| 6 | U Han Thaw Zay | 9,340 | 93,400,000 | 0.39 % |
| 7 | Daw Khin Mi Mi Soe | 1,000 | 10,000,000 | 0.04 % |
| | Total | 240,570 | 2,406,500,000 | 9.96% |

# အစုရှယ်ယာ အများဆုံးထည့်ဝင်ထားသူ(၅၀)ဦးစာရင်း
# (၂၀၂၄ ခုနှစ်၊ ဇူလိုင်လအထိ)

| No. | Shareholder's Name | No.of Shares | % |
|---|---|---|---|
| 1. | EDEN GROUP Co.,Ltd | 343,220 | 14.21% |
| 2. | Yangon Land Co.,Ltd | 145,620 | 6.03% |
| 3. | U Tun Lwin | 104,020 | 4.31% |
| 4. | U Kyaw Gyi Kyaw | 66,996 | 2.77% |
| 5. | Daw Moe Sandar Swe | 59,333 | 2.46% |
| 6. | U Khin Maung Aye | 52,020 | 2.15% |
| 7. | U Zaw Zaw | 52,020 | 2.15% |
| 8. | U Zaw Win Shein | 52,020 | 2.15% |
| 9. | U Kyaw Lin | 52,020 | 2.15% |
| 10. | U Mg Mg Kyaw Win | 50,830 | 2.10% |
| 11. | U Hla Myo | 50,020 | 2.07% |
| 12. | U Kyaw Kyaw Win | 41,620 | 1.72% |
| 13. | Good Brother Co.,Ltd | 41,620 | 1.72% |
| 14. | Nine Road Company | 33,350 | 1.38% |
| 15. | U Win Htein Win | 33,300 | 1.38% |
| 16. | Daw Moe Moe Myint | 29,320 | 1.21% |
| 17. | Daw Khin Moh Moh Shein | 28,822 | 1.19% |
| 18. | U Ye Min Aung | 23,340 | 0.97% |
| 19. | U Myo Khant Ko Ko | 20,820 | 0.86% |
| 20. | Dr.Soe Tun | 20,820 | 0.86% |
| 21. | Diamond Star | 20,820 | 0.86% |
| 22. | U Hla Oo | 20,820 | 0.86% |
| 23. | Daw Kyan In Hywal | 19,884 | 0.82% |
| 24. | U Saga Hla Duoi | 18,690 | 0.77% |
| 25. | U Tin Hla | 18,324 | 0.76% |
| 26. | Mr.HIDEO SHIBUYA | 15,740 | 0.65% |

MAPCO AGRIBUSINESS

# Top 50 Shareholders List (End of July 2024)

| No. | Shareholder's Name | No.of Shares | % |
|---|---|---|---|
| 27. | U Tin Maung Hlaing | 15,620 | 0.65% |
| 28. | U Kyaw Thin | 15,100 | 0.62% |
| 29. | Daw Sandar Than | 15,000 | 0.62% |
| 30. | U Kyaw Min Htin | 14,257 | 0.59% |
| 31. | U Phyo Thaung Win | 14,180 | 0.59% |
| 32. | Daw Aye Nyein Moe | 12,000 | 0.50% |
| 33. | U Aung Lin Htin | 11,512 | 0.48% |
| 34. | Daw Lei Lei Maw | 11,460 | 0.47% |
| 35. | U R Yu | 10,836 | 0.45% |
| 36. | U Tin Myint @ U Kyaw Tin Myint | 10,580 | 0.44% |
| 37. | U Hla Maung Shwe | 10,420 | 0.43% |
| 38. | U Thatoe Hein | 10,420 | 0.43% |
| 39. | Daw Ohnmar Myint | 10,420 | 0.43% |
| 40. | U Aung Myint | 10,420 | 0.43% |
| 41. | U Zaw Win Oo | 10,420 | 0.43% |
| 42. | U Myo Htwe | 10,420 | 0.43% |
| 43. | U Maung Maung Tin | 10,420 | 0.43% |
| 44. | U Myat Lwin | 10,420 | 0.43% |
| 45. | Dr.Soe Myint | 10,420 | 0.43% |
| 46. | Daw Myat Thu Khaing | 10,420 | 0.43% |
| 47. | U Aung Phyo | 10,420 | 0.43% |
| 48. | Dr.Aye Aye | 10,420 | 0.43% |
| 49. | Myanmar Combiz Holdings Limited | 10,420 | 0.43% |
| 50. | U Aung Kyaw Zaw | 10,420 | 0.43% |
| | Total | 1,691,834 | 70.02% |


# ဘဏ္ဍာရေးနှင့်စာရင်းစစ်လုပ်ငန်းများ ဆောင်ရွက်ခြင်း

ဘဏ္ဍာရေးနှင့် ငွေစာရင်းစစ်ဆေးခြင်းလုပ်ငန်းများအတွက် "U Thaung Aye Audit & Associates" အဖွဲ့အား External Audit အဖြစ် တာဝန်ပေးအပ်၍ ကြီးကြပ် ဆောင်ရွက်လျက်ရှိပါသည်။ MAPCO ၏ ဘဏ္ဍာရေးရှင်းတမ်းနှင့် စာရင်းစစ်အစီရင်ခံစာကို သီးခြားစာအုပ်ဖြင့် ပြုစုတင်ပြထားပါသည်။ Website တွင် download ရယူနိုင်ရန် စီစဉ်ထားရှိပါသည်။ ဘဏ္ဍာရေးရှင်းတမ်း၏ ကောက်နုတ်ချက်(Financial Highlights) ကို ကုမ္ပဏီစတင်တည်ထောင်သည့်နေ့မှစ၍ ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ်ကုန်အထိ အစုရှယ်ယာရှင်များ အလွယ်တကူ လေ့လာနိုင်ရေးအတွက် အောက်တွင်ကောက်နုတ်ဖော်ပြထားပါသည်။


**MAPCO Financial High Light (Kyats In Billion)**

| Financial Year | 2019 | 2019–2020 | 2020–2021 | 2021–2022 | 2022–2023 | 2023–2024 |
|---|---|---|---|---|---|---|
| Paid up Capital | 23.34 | 23.34 | 23.34 | 23.34 | 24.16 | 24.16 |
| Revenue | 12.03 | 24.93 | 18.37 | 16.26 | 27.54 | 25.77 |
| Expenses | 11.85 | 27.49 | 21.00 | 17.91 | 32.20 | 27.37 |
| Profit & Loss | 0.18 | (2.56) | (2.63) | (1.65) | (4.66) | 0.04 |
| Current Assets | 40.17 | 29.98 | 33.32 | 33.69 | 22.51 | 33.99 |
| Non Current Assets | 68.67 | 72.52 | 74.41 | 73.96 | 88.54 | 98.04 |
| Current Liabilities | 14.32 | 10.76 | 13.14 | 11.60 | 12.13 | 26.33 |
| Non Current Liabilities | 55.12 | 55.65 | 60.99 | 64.92 | 71.60 | 78.35 |
| **Total Assets** | **108.84** | **102.50** | **107.73** | **107.65** | **111.06** | **132.03** |

| Annual Revenue | Revenue(Billion) |
|---|---|
| 2019 | 12.03 |
| 2019-2020 | 24.93 |
| 2020-2021 | 18.37 |
| 2021-2022 | 16.26 |
| 2022-2023 | 27.54 |
| 2023-2024 | 25.77 |




| Components of Income | MMK(In Billion) |
|---|---|
| Export Sales Rice | 15.80 |
| Export Sales Bean/ Corn | 0.79 |
| Local Sales Rice | 6.18 |
| Local Sales Bean/ Corn | 0.08 |
| Local Sales Fertilizer & Agro Chemical | 2.15 |
| Local Sales Rice Mill, Machinery | 0.21 |
| Milling & Drying Income | 0.34 |




MAPCO
AGRIBUSINESS

# United Nations Global Compact တွင် အဖွဲ့ဝင်အဖြစ် ပါဝင်ဆောင်ရွက်ခြင်း

MAPCO သည် United Nations Global Compact တွင် အဖွဲ့ဝင်အဖြစ် ၂၀၁၆ခုနှစ်၊ ဖွန်လ(၁၆)ရက်နေ့မှ စတင်ပါဝင်ခဲ့ပြီး ယခုနှစ် ဩဂုတ်လတွင် MAPCO မှ တတိယအကြိမ်မြောက် Letter of Commitment နှင့် Communication On Progress ကို တင်သွင်းခဲ့ပြီး ဖြစ်ပါသည်။ MAPCO အနေဖြင့် United Nations Global Compact မှ ချမှတ်ထားသော အကျင့်ပျက်ခြစားမှုတိုက်ဖျက်ရေး၊ လူ့အခွင့်အရေး၊ အလုပ်သမားနှင့် အမျိုးသမီးအခွင့်အရေး၊ လုပ်ငန်းခွင်နှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအပါအဝင် အခြေခံမူဝါဒ(၁၀)ရပ်ကို လိုက်နာဆောင်ရွက်လျက်ရှိပြီး အဖွဲ့ဝင်ဖြစ်သည့်နေ့မှစ၍ MAPCO ၏ ကော်ပိုရိတ်မဟာဗျူဟာများ၊ မူဝါဒများနှင့် လုပ်ထုံးလုပ်နည်းများတွင်လည်း ထည့်သွင်းချမှတ်လိုက်နာဆောင်ရွက်လျက်ရှိပါသည်။ ထိုကဲ့သို့ လိုက်နာဆောင်ရွက်ပြီး မြန်မာနိုင်ငံ၏ဆန်စပါးလုပ်ငန်းများနှင့် လယ်ယာကဏ္ဍတွင် တာဝန်သိကုမ္ပဏီတစ်ခုအဖြစ် စံပြဖြစ်အောင် လုပ်ဆောင်သွားမည် ဖြစ်ပါသည်။

အဖွဲ့ဝင်ဖြစ်သည့် ၂၀၁၆ ခုနှစ်မှ စတင်ပြီး အကျင့်ပျက်ခြစားမှုတိုက်ဖျက်ရေးနှင့် ပတ်သတ်၍ မြန်မာနိုင်ငံ အဂတိလိုက်စားမှု တိုက်ဖျက်ရေးဥပဒေနှင့်အညီ MAPCO ၏ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဆိုင်ရာ မူဝါဒများချမှတ်ခြင်းနှင့် တိုင်ကြားသူ မနစ်နာစေရန် ကာကွယ်ပေးသည့် Whistle Blowing မူဝါဒများ ချမှတ်ခြင်းတို့ကို ပြဋ္ဌာန်းဆောင်ရွက်ခဲ့ပါသည်။ သဘာဝပတ်ဝန်းကျင် ထိခိုက်မှုလျော့နည်းစေရေးအတွက် ထိန်းသိမ်းဆောင်ရွက်ခြင်းအနေဖြင့် "ZERO Plastice Bottle Campaign" ကို ၂၀၁၈ ခုနှစ်မှ စတင်လိုက်နာကျင့်သုံးခဲ့ပြီး MAPCO အနေဖြင့် "Less Paper Use Office System" အဖြစ်သို့ရောက်အောင် Online & Digital Transformation လုပ်ငန်းစဉ်များကို ရုံးတွင်းအသိပညာပေးခြင်း၊ ပြောင်းလဲဆောင်ရွက်ခြင်းများ ပြုလုပ်လျက်ရှိပါသည်။ United Nations Global Compact အဖွဲ့ဝင်တစ်ဦးအနေဖြင့် နောင်နှစ်များတွင်လည်း ချမှတ်ထားသော အခြေခံမူဝါဒ(၁၀)ရပ်အပြင် UN Sustainable Develop-ment Goals များကိုပါ အကျိုးပြုဆောင်ရွက်နိုင်ရန် ကြိုးပမ်းလုပ်ဆောင်လျက်ရှိပါကြောင်း ဖော်ပြအပ်ပါသည်။



## ဒါရိုက်တာအဖွဲ့ဦးစီးရုံး( Board Office)၏ လုပ်ငန်းဆောင်ရွက်မှုအခြေအနေ

၁။ ဒါရိုက်တာအဖွဲ့ဦးစီးရုံး(Board Office)သည် အုပ်ချုပ်မှုဒါရိုက်တာနှင့် ဒါရိုက်တာများ၏ ရုံးအဖွဲ့ဖြစ်ပြီး၊ ဒါရိုက်တာအဖွဲ့အစည်းအဝေးဆုံးဖြတ်ချက်များ၊ အခြားသောအစည်းအဝေးဆုံးဖြတ်ချက်များ Corporate Governance ဆိုင်ရာကိစ္စများ၊ ဒါရိုက်တာအဖွဲ့မှ တာဝန်ပေးအပ်သောကိစ္စများကို တာဝန်ယူဆောင်ရွက်လျက်ရှိပါသည်။ OECD (Organization for Economic Cooperation and Development)၏ အခြေခံမူများအတိုင်း ကော်ပိုရိတ်အုပ်ချုပ်မှုစနစ်သည် ကုမ္ပဏီတစ်ခု၏ စီမံခန့်ခွဲမှု၊ ၎င်း၏ဘုတ်အဖွဲ့၊ ၎င်း၏အစုရှယ်ယာရှင်များနှင့် အခြားသက်ဆိုင်သူများအကြား ဆက်ဆံရေးတို့ ပါဝင်သည့် အလွန်အရေးကြီးသောလုပ်ငန်းစဉ်တစ်ခုဖြစ်ပါသည်။ ကော်ပိုရိတ်အုပ်ချုပ်မှုစနစ်သည် ကုမ္ပဏီ၏ရည်မှန်းချက်များကို အကောင်အထည်ဖော်ပေးသည့် ဖွဲ့စည်းပုံနှင့် အဆိုပါ ရည်မှန်းချက်များပြည့်မီရေးနှင့် စောင့်ကြည့်သုံးသပ်ရေးစွမ်းဆောင်ရည်များမြင့်တင်နိုင်ရေးကို အားပေးကူညီပါသည်။ MAPCO အနေဖြင့်လည်း အဆိုပါ OECD Corporate Governance ဆိုင်ရာ လုပ်ငန်းစဉ်များ၊ အကြံပြုချက်များအနက် မြန်မာနိုင်ငံနှင့်ကိုက်ညီပြီး မိမိတို့ကုမ္ပဏီအတွက် အကျိုးဖြစ်ထွန်းနိုင်သောလုပ်ငန်းစဉ်များကို ချမှတ်အကောင်အထည်ဖော်လျက်ရှိပါကြောင်း တင်ပြအပ်ပါသည်။

၂။ နိုင်ငံတကာမှ အကောင်းဆုံးအလေ့အကျင့်များနှင့်အညီ MAPCO ၏ အဖွဲ့အစည်းအတွင်း ကောင်းမွန်သောကော်ပိုရိတ်အုပ်ချုပ်မှု၏ အရေးပါသောအခန်းကဏ္ဍကို သတိပြုစေရန်၊ တာဝန်ထမ်းဆောင်နေသည့် ဝန်ထမ်းများအား စနစ်တကျ ကွပ်ကဲအုပ်ချုပ်နိုင်ရန်နှင့် အဖွဲ့ဝင်တိုင်း၏ စွမ်းဆောင်ရည်ကို လေ့ကျင့်ပေးရန်နှင့် မြှင့်တင်ရန်၊ ရေရှည်အောင်မြင်မှုနှင့် MAPCO ၏ လုပ်ငန်းစွမ်းဆောင်ရည်ကို တိုးတက်စေရန် ရည်ရွယ်ပါသည်။ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းမှု၊ အဂတိလိုက်စားမှုနှင့် လာဘ်ပေးလာဘ်ယူမှုတိုက်ဖျက်ရေး၊ လူ့အခွင့်အရေးနှင့် လူမှုအကျိုးစီးပွားမြှင့်တင် ရေးဆိုင်ရာကိစ္စရပ်များအတွက် လိုက်နာဆောင်ရွက်လျက်ရှိကြောင်း ဖော်ပြအပ်ပါသည်။

၃။ MAPCO ၏ လုပ်ငန်းစဉ်များကို ကော်ပိုရိတ်အုပ်ချုပ်မှုဝါဒနှင့်အညီဖြစ်စေရေးအတွက် ဒါရိုက်တာအဖွဲ့ ဦးစီးရုံး (Board Office)သည် အဓိကတာဝန်ရှိသော ဌာနတစ်ခုဖြစ်ပါသည်။ MAPCO တွင်ဆောင်ရွက်နေသည့် စီမံကိန်းများ၊ စီးပွားရေးလုပ်ငန်းများအား အချိန်နှင့်တပြေးညီ ပြီးစီးနိုင်ရေးအတွက် အခြားဌာနများနှင့် ပူးပေါင်းပြီး မြန်ဆန်ရေး၊ မှန်ကန်ရေး၊ အရည်အသွေးကောင်းမွန်စေရေးတို့ကို အထူးအလေးပေး ကြီးကြပ်ဆောင်ရွက်ရန်၊ စိစစ်ဆေးခြင်း အပါအဝင် Monitoring & Evaluation(M&E) ကိစ္စများဆောင်ရွက်ရန်၊ အစည်းအဝေးဆုံးဖြတ်ချက်များနှင့် ကုမ္ပဏီမူဝါဒများအပေါ် အကောင်အထည်ဖော်မှုများအား ပေါင်းစပ်ညှိနှိုင်းကြီးကြပ်ရန်နှင့် အုပ်ချုပ်မှုဒါရိုက်တာနှင့် ဒါရိုက်တာအဖွဲ့ဝင်များမှ တာဝန်ပေးထားသော ကိစ္စရပ်များကို ဆောင်ရွက်နိုင်ရန် (၁.၁၁.၂၀၂၃) ရက်နေ့မှစတင်၍ ကုမ္ပဏီဖွဲ့စည်းပုံတွင် ဌာနကြီးတစ်ဌာနအဖြစ် ထည့်သွင်းဖွဲ့စည်းရန် (၂၇.၁၀.၂၀၂၃) ရက်နေ့တွင် ဒါရိုက်တာအဖွဲ့ရုံးထုတ်ပြန်ချက်အမှတ် (၂၆/၂၀၂၃) ဖြင့်ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါကြောင်း တင်ပြအစီရင်ခံအပ်ပါသည်။

# လိုအပ်ချက်များအရ ရင်းနှီးမြှုပ်နှံဆောင်ရွက်ရသော အခြေအနေများ

၁။ သီလဝါအကွက်(၂၈)တွင် နိုင်ငံတော်အစိုးရ၏လမ်းညွှန်မှုအရ ကွန်ကရစ်(၄)လမ်းသွား တိုးချဲ့ဆောင်ရွက်မှုအပေါ် သီလဝါဆိပ်ကမ်းရှိ အကွက်များအားလုံး အချိုးကျပါဝင်ခဲ့ရပြီး MAPCO အနေဖြင့် ငွေကျပ် (၁၂,၁၁၂.၄၀) သိန်း ထပ်မံပါဝင်ခဲ့ရပါသည်။ အကွက်(၂၈)၏ မျက်နှာစာ မီတာ(၂၀၀)အတွက် အုတ်တံတိုင်း ခြံစည်းရိုးကာရံမှုလုပ်ငန်း ကိုပါ ဆောင်ရွက်ပြီးစီးခဲ့ပါသည်။

၂။ Yangon Agri Food Company နှင့် Joint Venture လုပ်ငန်းဆောင်ရွက်မှုရှိသည့် တိုက်ကြီးဆန်စက်တည်ဆောက် ခြင်းလုပ်ငန်းတွင် စပါးအခြောက်ခံစက် အဆောက်အဦးနှင့် Hansung Grain Dryer တပ်ဆင်ခြင်း၊ (၁၃၂ ပေ x ၅၀ ပေ x ၂၈ ပေ) လုံးတီးဆန်စက် အဆောက်အဦးနှင့် Satake လုံးတီးခွဲစက် တပ်ဆင်ခြင်း၊ (၃၀ ပေ x ၃၀ ပေ) ဓါတ်မြေဩဇာအရောင်းပြခန်းနှင့် ရုံးခန်းသုံးထပ်အဆောက်အဦး၊ (၁၀၀ ပေ x ၅၃ ပေ) ဂိုဒေါင်အဆောက်အဦး၊ ဖွဲတိုက်အဆောက်အဦးနှင့် 500 KVA Transformer တို့ကိုပါ တပါတည်းဆောင်ရွက်ခဲ့ပြီး ဖြစ်ပါသည်။ လုပ်ငန်း ဆောင်ရွက်မှုအတွက် ငွေကျပ်(၈,၅၁၅.၄၁)သိန်းခန့် ထပ်မံရင်းနှီးမြှုပ်နှံခဲ့ပြီးဖြစ်ပါသည်။

၃။ Myanmar Agribusiness Company Limited ၏ ကုမ္ပဏီခွဲတစ်ခုအနေဖြင့် Myanmar Rice Bran Oil Co.,Ltd (MRBO Co;)ကို ကုမ္ပဏီပိုင် နေပြည်တော်ဆန်စက်ဝန်းအတွင်း၌ ဖွဲနုဆီစက်တည်ဆောက်ခြင်းလုပ်ငန်းတွင် ငွေ ကျပ်သိန်း (၈,၀၀၀) ရင်းနှီးမြှုပ်နှံထားလျက် ရှိပါသည်။ ရင်းနှီးမြှုပ်နှံမှုအနေဖြင့် မြေသားလမ်းခင်းခြင်း၊ Solvent Extraction Plant (SEP) ဆီကြမ်းထုတ် စက်ရုံ၊ Refinery ဆီချောထုတ်စက်ရုံ Foundation များ၊ ရိပ်သာအ ဆောက်အဦးစက်ရုံအတွက် လိုအပ်သည့် စက်ပစ္စည်းများ ဝယ်ယူခြင်းများ Warehouseများ၊ ဂိုဒေါင်နှင့်ရိပ်သာများ ဆောင်ရွက်နေပါသည်။

၄။ တွံတေး PP Bags စက်ရုံတည်ဆောက်ခြင်းလုပ်ငန်းအတွက် PP Bags Warehouse(၂၂၀ပေx ၈၀ပေ)အဆောက် အဦး တည်ဆောက်ခြင်း၊ လျှပ်စစ်သွယ်တန်းခြင်းလုပ်ငန်းများအတွက် ငွေကျပ်သိန်း (၃,၈၂၄.၈၃) ရင်းနှီးမြှုပ်နှံ ထားပါသည်။ တည်ဆောက်မှုပြီးစီးပါက DSM Company Limited နှင့် ပူးပေါင်းပြီး PP Woven and Non Woven Bags များ ထုတ်လုပ်၍ ပြည်တွင်းရှိ အိတ်ခွံလိုအပ်သောလုပ်ငန်းများသို့ ရာနှုန်းပြည့်ရောင်းချခြင်းကို ဆောင်ရွက် နိုင်မည်ဖြစ်ပါသည်။

၅။ မြောင်းမြ (မြစ်ကမ်းဘေး) ဆန်လုံးတီးခွဲစက်ရုံ တည်ဆောက်ခြင်းအတွက် (၂၀၀ ပေ x ၈၀ ပေ x ၂၈ ပေ) စက်ရုံ အဆောက်အဦးနှင့် လုံးတီးခွဲစက် တပ်ဆင်စက်လည်ပတ်ခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပြီး နောင်တွင် MAPCO ၏ ကုမ္ပဏီခွဲတစ်ခုဖြစ်သည့် MGL အနေဖြင့် ဆက်လက်ဆောင်ရွက်သွားမည့်လုပ်ငန်းအဖြစ် ထပ်တိုး ရင်းနှီးမြှုပ်နှံမှု ကျပ်(၄,၄၃၄.၈၄)သိန်း ဖြစ်ပါသည်။

၆။ မြောင်းမြစက်ရုံရှိ စပါးခွံလောင်စာသုံး ဓါတ်အားထုတ်လုပ်ရေးစက်ရုံတွင် အသုံးပြုရန် VCB Panel နှင့် ဆက်စပ် ပစ္စည်းများ ဝယ်ယူတပ်ဆင်ခြင်း၊ ဓါတ်အားပေးစနစ် ကွန်ယက်ပေါင်းစပ်ခြင်းလုပ်ငန်း ဆောင်ရွက်ရန် ဆက်စပ် ပစ္စည်းများ ဝယ်ယူခြင်း၊ 12KVA မြေအောက်ဓါတ်အားလိုင်းကြိုးနှင့် ဆက်စပ်ပစ္စည်းများ ဝယ်ယူဆောင်ရွက်ခြင်း အတွက် ကျပ်ငွေ (၆,၇၀၅.၄၁) သိန်းထပ်မံ ရင်းနှီးမြှုပ်နှံထားရှိပါသည်။

၇။ Myanmar Agribusiness Public Company Ltd ၏ ကုမ္ပဏီခွဲဖြစ်သော MAPCO Nay Pyi Taw Co Ltd တွင် လုပ်ငန်းများတိုးချဲ့ဆောင်ရွက်ရန်နှင့် ရင်းနှီးမြှုပ်နှံရန် ရည်ရွယ်ချက်ဖြင့် ဆက်စပ်မြေ (၁၆.၀၃) ဧက တန်ဖိုးအားဖြင့် ကျပ် (၁,၈၉၁.၂၈) သိန်းအား ထပ်တိုးရင်းနှီးမြှုပ်နှံထားပါသည်။

၈။ မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်၏ ဦးဆောင်ကြီးကြပ်မှုဖြင့် မျိုးစေ့ထုတ်လုပ်ငန်းအား Myanmar Agribusiness Public Company Limited (MAPCO) အနေဖြင့် နေပြည်တော်တွင် မြေ(၁၀)ဧက ဝယ်ယူမှုအတွက် ကျပ်(၃၈၄) သိန်း ပူးပေါင်းပါဝင်ဆောင်ရွက်ခဲ့ပါသည်။

# ၂၀၂၂-၂၀၂၃ ခုနှစ် နှစ်ပတ်လည်အထွေထွေအစည်းအဝေးကျင်းပခြင်း

# Annual General Meeting 2022-2023

မြန်မာနိုင်ငံလယ်ယာစီးပွားရေးအများပိုင်ကုမ္ပဏီလီမိတက်၏ ၂၀၂၂-၂၀၂၃ခုနှစ်၊ နှစ်ပတ်လည်အထွေထွေအစည်းအဝေးကို ၃၁.၁၂.၂၀၂၃၊ စနေနေ့တွင် online virtual ကျင်းပပြုလုပ်ခဲ့ပါသည်။ အစည်းအဝေးအဖွင့်အမှာစကားကို အုပ်ချုပ်မှုဒါရိုက်တာမှ ပြောကြားခဲ့ပြီး မြန်မာနိုင်ငံလယ်ယာစီးပွားရေးအများပိုင်ကုမ္ပဏီလီမိတက်၏ ၂၀၂၃-၂၀၂၄ ခုနှစ် နှစ်ပတ်လည် အထွေထွေအစည်းအဝေးကို အွန်လိုင်းမှတက်ရောက်လာသော ဧည့်သည်တော်များ၊ MAPCO မှ အစုရှယ်ယာရှင်များ၊ ဒါရိုက်တာအဖွဲ့ဝင်များ၊ MAPCO မှ ဝန်ထမ်းများအားလုံး ရွှင်လန်းချမ်းမြေ့ပါစေရန် မေတ္တာပို့ နှုတ်ခွန်းဆက်သပါကြောင်း၊ ယခုနှစ် အစည်းအဝေးကို physical meeting ကျင်းပရန် စီစဉ်ထားပါသော်လည်း လတ်တလောတွင် ဖြစ်ပေါ်နေသော အခြေအနေများကြောင့် online virtual ဖြင့် စီစဉ်ဆောင်ရွက်ရခြင်း ဖြစ်ပါကြောင်း၊ ကုမ္ပဏီတွင် ဆောင်ရွက်လျက်ရှိသော လုပ်ငန်းစဉ်များကိုလည်း နှစ်ပတ်လည် အစီရင်ခံစာတွင် ထည့်သွင်း ဖော်ပြထားပါကြောင်း၊ ကျွန်တော်တို့ ကုမ္ပဏီအနေဖြင့် ၂၀၁၂ ခုနှစ်မှ စတင်ဖွဲ့စည်း တည်ထောင်ခဲ့ပြီး ယနေ့အချိန်ကာလတွင် ကုမ္ပဏီသက်တမ်းအနေဖြင့် (၁၂)နှစ်ကျော် ဝန်းကျင်သို့ ရောက်ရှိလာပြီ ဖြစ်ပါကြောင်း၊ (၁၂)နှစ်ကျော်ကာလအတွင်း ကုမ္ပဏီအနေဖြင့် အခက်အခဲများ၊ စိန်ခေါ်မှုများစွာကို ရင်ဆိုင်ကြုံတွေ့ခဲ့ရသည့် အနေထားဖြစ်ပါကြောင်း၊ လတ်တလောတွင် ကျွန်တော်တို့ နိုင်ငံရေးအခြေအနေနှင့် စီးပွားရေး မတည်မငြိမ် ဖြစ်ပေါ်နေခြင်းတို့သည် ကုမ္ပဏီအတွက် ကြီးမားသော စိန်ခေါ်မှုများလည်း ဖြစ်ပါကြောင်း၊ ကျွန်တော်တို့ ကုမ္ပဏီအနေဖြင့် လယ်ယာကဏ္ဍတွင် မြန်မာနိုင်ငံ၏ လယ်ယာစိုက်ပျိုးရေးကဏ္ဍမှာ ရင်းနှီးမြှုပ်နှံမှုများ တိုးတက်အောင် ရည်ရွယ်ပြီး ဆောင်ရွက်ရသော ကုမ္ပဏီဖြစ်သည့် အတွက် လယ်ယာကဏ္ဍ ရင်းနှီးမြှုပ်နှံမှု တိုးတက်အောင် ဆောင်ရွက်နေသော အနေထားဖြစ်ပါကြောင်း၊ လယ်ယာကဏ္ဍ ရင်းနှီးမြှုပ်နှံမှု ဆောင်ရွက်သည့် နေရာတွင် တဖက်က ရင်းနှီးမြှုပ်နှံမှု ဖြစ်သည့်အတွက် အစုရှယ်ယာရှင်များ၏ ထည့်ဝင်သော ငွေကြေးအနေဖြင့် ရင်းနှီးမြှုပ်နှံခြင်းရှိသလို ဘဏ်ချေးငွေရယူပြီး ရင်းနှီးမြှုပ်နှံများလည်း ရှိပါကြောင်း၊ တဖက်တွင်လည်း ကုန်သွယ်မှုလုပ်ငန်းတွေကိုလည်း ဆောင်ရွက်သင့်သော အတိုင်းအတာဖြင့် ကုန်သွယ်မှုလုပ်ငန်းများကို ဆောင်ရွက်နေသည့်အနေအထားဖြစ်ပါကြောင်း ပြောကြားခဲ့ပါသည်။

ကျွန်တော်တို့ ကုမ္ပဏီ၏ အဓိကလုပ်ငန်းများကို အစီရင်ခံရမည်ဆိုပါက အဓိကလုပ်ငန်းကြီး (၃)ပိုင်းရှိပါကြောင်း၊ ပထမအပိုင်းသည် ကုန်သွယ်မှုအပိုင်းဖြစ်ပါကြောင်း (ကုန်သွယ်မှု တင်ပို့ခြင်းအပိုင်းတွင် - ဆန်စပါး တင်ပို့ခြင်း၊ ပဲမျိုးစုံ တင်ပို့ခြင်း၊ ပြောင်း အစရှိသည့် လယ်ယာထွက်ကုန်များကို ပြည်ပတင်ပို့သည့် လုပ်ငန်းဖြစ်ပါကြောင်း) ထို့ကြောင့် ကုန်သွယ်မှုအပိုင်းတွင် ပါရှိသည့် export လုပ်ငန်းများမှာ လယ်ယာထွက်ကုန်ပြည်ပတင်ပို့ခြင်း လုပ်ငန်းများရှိပါကြောင်း၊ ဓါတ်မြေသြဇာတင်သွင်းခြင်း(import)လုပ်ငန်းများကိုလည်း ဆောင်ရွက်လျက်ရှိပါကြောင်း၊ ယခင်က လယ်ယာသုံး စက်ပစ္စည်းများ၊ ဆန်စက်ပစ္စည်းများကို တင်သွင်းသည့် လုပ်ငန်းစဉ်ကို ဆောင်ရွက်ခဲ့ပြီး ယခုအချိန်တွင် ၎င်းလုပ်ငန်းကို ဆောင်ရွက်ခြင်း မရှိပါကြောင်း၊ လတ်တလောအနေထားတွင် လယ်ယာထွက်ကုန် export လုပ်ငန်းနှင့် ဓါတ်မြေသြဇာ တင်သွင်းခြင်း import လုပ်ငန်းတို့အား ကုန်သွယ်မှုလုပ်ငန်း အစိတ်အပိုင်းတစ်ခုဖြင့် ဆောင်ရွက်လျက်ရှိပါကြောင်း၊ ဒုတိယအစိတ်အပိုင်းအနေဖြင့် ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများရှိပါကြောင်း၊ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများကို တတ်နိုင်သမျှ လုပ်ငန်းအသစ်များကို တိုးချဲ့လုပ်ကိုင်ခြင်းမရှိဘဲ ယခင် ၂၀၁၂ခုနှစ်ကုမ္ပဏီ စတင်ဖွဲ့စည်းကတည်းက အစုရှယ်ယာရှင်များနှင့် တင်ပြဆွေးနွေးထားသည့်လုပ်ငန်းများကိုသာ အဓိကထားဆောင်ရွက်လျက် ရှိပါကြောင်း၊ ဆန်စက် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်း၊ ဆန်စပါးသိုလှောင်ရုံ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်း၊ အခြောက်ခံစက် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်း၊ စပါးခွံမှ လျှပ်စစ်ထုတ် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်း အစရှိသဖြင့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများကို လုပ်ကိုင်လျက်ရှိပါကြောင်း၊ ဤနေရာတွင် ကျွန်တော် တင်ပြလိုသည်မှာ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းသည် investment လုပ်ငန်းများ ဖြစ်သည့်အတွက် တည်ဆောက်ရေးလုပ်ငန်းများ၊ ဆောက်လုပ်ရေးလုပ်ငန်းများ အစရှိသည့် လုပ်ငန်းများအပါအဝင် investment လုပ်ငန်းများ ဖြစ်သည့်အတွက် ၎င်းလုပ်ငန်းစဉ်များတွင် ငွေတော်တော်များများကို မြှုပ်နှံထားရသည့် အနေအထား ဖြစ်ပါကြောင်း၊ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းနှင့် ဆက်စပ်၍ ချေးငွေများလည်းရှိပြီး ၎င်းချေးငွေများအပေါ် ဘဏ်အတိုးနှုန်းပေါ်တွင် ပြန်လည်ပေးဆပ်နေရသည့် အနေအထားရှိသည်ကိုလည်း တင်ပြလိုပါကြောင်း၊ ကျွန်တော်တို့ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများသည် အမှန်တကယ်ဆိုပါက ၂၀၂၀-၂၀၂၁ ဝန်းကျင်လောက်တွင် ပြီးစီးရေး ရည်

မှန်းချက်ဖြင့် ၂၀၁၇-၂၀၁၈ တွင် စီစဉ်ခဲ့သော လုပ်ငန်းများ ရှိပါကြောင်း၊ ဥပမာ- တရုတ်နိုင်ငံ Citic Group ဖြင့် ဆောင်ရွက်မည့် ASC project တွင် ၂၀၁၇ မှစတင်၍ ၂၀၂၁ ခုနှစ်တွင် ပြီးစီးအောင် ဆောင်ရွက်မည့် အနေအထားအဖြစ် စီစဉ်ထားသော်လည်း ကိုဗစ်ဖြစ်ပေါ်လာသော အနေအထား၊ နိုင်ငံရေးအခြေအနေများကြောင့် Citic project လုပ်ငန်းများကို ရပ်ဆိုင်းထားရပါကြောင်း၊ Citic Group ဥက္ကဋ္ဌမှ ပြီးခဲ့သည့်အပတ်တွင် မြန်မာနိုင်ငံသို့ ကျောက်ဖြူရေနက်ဆိပ်ကမ်း ကိစ္စရပ်အတွက် မြန်မာနိုင်ငံသို့ လာရောက်ခဲ့စဉ် Citic project လုပ်ငန်းတချို့အား ပြန်လည်စတင်နိုင်ရန်အတွက် ဆွေးနွေးလျက်ရှိသည်ကို တင်ပြ အစီရင်ခံလိုပါကြောင်း ပြောကြားခဲ့ပါသည်။

ရင်းနှီးမြှုပ်နှံမှုတွင် ဒုတိယလုပ်ငန်းသည် လှည်းကူးစက်မှုဇုန် လုပ်ငန်းဖြစ်ပြီး MAPCO နှင့် City Mart Group နှင့် စင်္ကာပူနိုင်ငံမှ Sembcorp တို့ဖြင့် ပူးပေါင်းဆောင်ရွက်သည့် project ဖြစ်ပါကြောင်း၊ ၎င်း project သည် ကိုဗစ်ဖြစ်ပြီး နိုင်ငံရေးအခြေအနေများနှင့် Sembcorp ကုမ္ပဏီသည် စင်္ကာပူအစိုးရပိုင် ဖြစ်သည့်အတွက် ရပ်ဆိုင်းထားသည့် အနေအထားဖြစ်ပါကြောင်း၊ ထို့ကြောင့် လှည်းကူးစက်မှုဇုန် project သည် ရပ်ဆိုင်းထားသည့် အနေအထားဖြစ်ပြီး မြန်မာနိုင်ငံဘက်မှ ဆောင်ရွက်ရမည့် မြေအသုံးချမှုကိစ္စ၊ မြေနှင့်ပတ်သက်သည့် ကိစ္စရပ်များကို ပြင်ဆင်ထားပါကြောင်း၊ တည်ဆောက်ရေးနှင့် လုပ်ငန်းစတင်ခြင်း အပိုင်းတွင်သာ မလုပ်နိုင်သေးသော အပိုင်းများရှိနေပါကြောင်း၊ ထို့ကြောင့် အချို့သော ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများသည် အခြေအနေအရပ်ရပ်ကြောင့် ရပ်ဆိုင်းထားရပြီး ၎င်းလုပ်ငန်းရပ်များနှင့် ပတ်သက်သည့် ချေးငွေကိစ္စရပ်များအတွက် အရင်းနှင့် အတိုးဆပ်ခြင်း ပေးဆပ်ရသည့် အပိုင်းများသည်လည်း ကုမ္ပဏီအနေဖြင့် ဝန်ထုပ်ဝန်ပိုး တစ်ခုအနေဖြင့် ရှိနေပါကြောင်း၊ ၎င်းချေးငွေကိစ္စရပ်များ အပေါ်တွင်လည်း ကျွန်တော်တို့ ဒါရိုက်တာအဖွဲ့ အနေဖြင့် ၂၀၂၃ - ၂၀၂၄ - ၂၀၂၅ (၂)နှစ်အတွင်းမှာ ချေးငွေများ၏ တစ်ဝက်ကို ပြန်လည်ပေးဆပ်ရန်အတွက် plan ချ၍ ဆောင်ရွက်နေသည်ကို ကျွန်တော့်အနေဖြင့် တင်ပြအစီရင်ခံလိုပါကြောင်း၊ ၂၀၁၈-၁၉ နှစ်ပတ်လည်အစည်းအဝေးတွင် ဥက္ကဋ္ဌ ဦးချစ်ခိုင်နှင့် ကျွန်တော်တို့ တင်ပြဆွေးနွေးခဲ့သည်များလည်း ရှိပါကြောင်း၊ ကုမ္ပဏီ၏ အဓိကလုပ်ငန်းစဉ်ကြီး (၅)ရပ်အား သတ်မှတ်၍ လုပ်ငန်းဆောင်ရွက်လျက်ရှိပါကြောင်း၊ (၁)ကုန်သွယ်မှုမြှင့်တင်ရေးလုပ်ငန်းတွင် ကုန်သွယ်မှု trading ကို တိုးမြှင့်ဆောင်ရွက်ရန်ဖြစ်ပါကြောင်း၊ ယခု ၂၀၂၃ ခုနှစ်တွင် MAPCO မှ Trading အနေဖြင့် ဝင်ငွေအားဖြင့် (၂၇)ဘီလီယံကျော် ဝင်ငွေရရှိခဲ့ပါကြောင်း၊ MAPCO မှ အစုရှယ်ယာထည့်ဝင်ထားသော အခြားကုမ္ပဏီတွေ၏ ဝင်ငွေအားဖြင့် ကျပ် (၃၀)ဘီလီယံခန့် ရရှိပါကြောင်းနှင့် ကုမ္ပဏီတစ်ခုလုံးအနေဖြင့် (၅၈)ဘီလီယံ ဝင်ငွေရရှိခဲ့ပါကြောင်း၊ ၎င်းအပေါ်တွင် လက်ရှိ အစုရှယ်ယာရှင်များကို ဖြန့်ဝေထားသော financial statement သည် MAPCO တစ်ခုတည်း၏ ရရှိသော Financial statement ဖြစ်ပြီး၊ ကျန်တဲ့ကုမ္ပဏီများတွင် MAPCO မှ ရင်းနှီးမြှုပ်နှံထားသော ကုမ္ပဏီများ၊ လုပ်ငန်းများ၏ consolidated financial statement ကိုလည်း ပြင်ဆင်၍ ဖြန့်ဝေနိုင်အောင် ဆောင်ရွက်လျက်ရှိပြီး မဖြန့်ဝေနိုင်ပါကလည်း online မှတဆင့် အစုရှယ်ယာရှင်များထံသို့ ပေးပို့နိုင်အောင် စီစဉ်ပေးမည်ဖြစ်ပါကြောင်းနှင့် ၎င်းကိစ္စရပ်များနှင့် ပတ်သက်၍ Finance ဌာနမှ စီစဉ်ဆောင်ရွက်ပေးနိုင်ရန်အတွက် ညွှန်ကြားထားမည် ဖြစ်ပါကြောင်း၊ ကျွန်တော်တို့အနေဖြင့် ကုန်သွယ်မှုလုပ်ငန်းကို တိုးမြှင့်ဆောင်ရွက်ရေးသည် အဓိကတာဝန်တစ်ခုဖြစ်ပြီး ဒုတိယလုပ်ငန်း

စဉ်မှာ အစုရှယ်ယာ တိုးမြှင့်ရေးဖြစ်ပါကြောင်း၊ ယခုအချိန်အထိ အစုရှယ်ယာရှင်ပေါင်း 1500 ဖြင့် ဖွဲ့စည်းထားပြီး ရင်းနှီးမြှုပ်နှံမှုအားဖြင့် (၂၃)ဘီလီယံ ကျပ်ငွေရှိပါကြောင်း၊ ယခု လတ်တလော ဖြစ်ပေါ်နေသော အခြေအနေတွင် အစုရှယ်ယာ တိုးမြှင့်ရေးအတွက် အခက်အခဲရှိပါကြောင်း၊ သို့သော်လည်း မိမိတို့အနေဖြင့် အစုရှယ်ယာ တိုးမြှင့်ရေးလုပ်ငန်း စဉ်အား ဦးစားပေးလုပ်ငန်းစဉ်တစ်ရပ်အနေဖြင့် ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း၊ တတိယအချက်အနေဖြင့် အသုံးစရိတ်များကို ပိုမိုအလေးထားစိစစ်သုံးစွဲရန်ဖြစ်ပါ ကြောင်း၊ အသုံးစရိတ် လျှော့ချခြင်းမျိုး မဟုတ်ဘဲ တတ်နိုင်သမျှ အသုံးစရိတ်များကို ယခင်ကထက် ပိုမိုစိစစ်အသုံးပြုရန်အတွက် ဆောင်ရွက်လျက်ရှိပါကြောင်း၊ အမှန်တကယ်မ ဖြစ်မနေလိုအပ်သောအသုံးစရိတ်များကိုသာ စိစစ်သုံးစွဲလျက်ရှိပါကြောင်း ပြောကြားခဲ့ပါသည်။

စတုတ္ထမြောက်လုပ်ငန်းစဉ်အနေဖြင့် ချေးငွေများကို restructure ပြန်လည်ပြုလုပ် ၍ ပြန်ဆပ်မည့် ချေးငွေများကို ပြန်လည်ပေးဆပ်ရန်နှင့် အတိုးနှုန်းမြင့်မားသော ချေးငွေ များကို အတိုးနှုန်းသက်သာသော ချေးငွေများအဖြစ် ပြောင်းလဲဆောင်ရွက်ရန်အတွက် စီစဉ်လျက်ရှိပါကြောင်း၊ ပဥ္စမမြောက်လုပ်ငန်းစဉ်အနေဖြင့် မိမိတို့စီမံခန့်ခွဲရန် ခက်ခဲပြီး ရင်းနှီးမြှုပ်နှံဖို့အတွက် အခြေအနေကောင်းမွန်ခြင်းမရှိသော ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ ကို ထုတ်နှုတ် ထုခွဲရောင်းချသော လုပ်ငန်းဖြစ်ပြီး ၎င်းလုပ်ငန်းကိုလည်း ဆက်လက် ဆောင် ရွက်လျက်ရှိပါကြောင်း၊ ၂၀၁၈-၁၉ ခုနှစ်မှ စတင်၍ ချမှတ်ထားသော အဓိက လုပ်ငန်းကြီး (၅)ခုကို ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါကြောင်း၊ (၂)နှစ်တာ ကာလအတွင်း အချိန်ကာလတစ်ခုသို့ ရောက်ရှိလာပြီဖြစ်သဖြင့် အစုရှယ် ယာထည့်ဝင်ထားသော အစုရှယ်ယာရှင်များ မျှော်လင့်ထားသော မျှော်လင့်ချက်တွေကို ဆောင်ရွက်ပေးနိုင်ရန်အတွက် ကြီးမားသော ပြောင်းလဲမှုများ လုပ်ရန်အတွက် လိုအပ် လျက်ရှိပါကြောင်း၊ Management & operational inefficiency များ ပြောင်းလဲရန် အတွက် စီစဉ်လျက်ရှိပါကြောင်းနှင့် လိုအပ်ပါက ကုမ္ပဏီ၏အစုရှယ်ယာရှင်များ မျှော်မှန်း ထားသော ရှယ်ယာလွှဲပြောင်းခြင်း ကိစ္စရပ်များ၊ ရှယ်ယာရောင်းချခြင်း ကိစ္စရပ်များကို ဆောင်ရွက်နိုင်မည့် နည်းလမ်းများကို စီစဉ်လျက်ရှိပါကြောင်း၊ YSX & secondary board တို့တွင် listing ပြုလုပ်ခြင်းနှင့် ပတ်သက်၍လည်း အချို့သော အစုရှယ်ယာရှင်များမှ ဆောင်ရွက်ရန် ပြောကြားလာပြီး အချို့ရှယ်ယာရှင်များမှ ယခုအချိန်အတိုင်းသာ ဆောင် ရွက်ရန် အကြံပြုလာခြင်းအပေါ် မိမိတို့အနေဖြင့် အခြေအနေကို စောင့်ကြည့်၍ လိုအပ် သော ပြင်ဆင်မှုများ ပြုလုပ်နိုင်ရန် ပြင်ဆင်ထားသည့် အနေအထားဖြစ်ပါကြောင်း၊ ၂၀၂၄ ခုနှစ် နှစ်ဆန်းပိုင်းတွင် အခြေအနေကို ကြည့်၍ လိုအပ်ပါက prelisting board တွင် listing ပြုလုပ်နိုင်ရန်အတွက် စဉ်းစားနေသော အနေအထား ဖြစ်ပါကြောင်း၊ ဒါရိုက်တာအဖွဲ့ အစည်းအဝေးတွင်လည်း ထပ်မံ၍ ဆွေးနွေးမည် ဖြစ်ပါကြောင်း၊ လတ်တလောအနေ အထားတွင် နိုင်ငံအတွင်း ဖြစ်ပေါ်နေသော အခြေအနေများကြောင့် လုပ်ငန်းဆောင် ရွက်ရာတွင် အဖက်ဖက်မှ သတိထား ဆောင်ရွက်နေရပါကြောင်း၊ ဒုတိယအချက်အနေ ဖြင့် ကျွန်တော်တို့ လုပ်ငန်းများ လုပ်ဆောင်ရာတွင် (၂)နှစ်အတွင်း ပြုပြင်ပြောင်းလဲခြင်း ကိစ္စရပ်များ ဆောင်ရွက်နိုင်ရန်အတွက် အချို့သော ရောင်းသင့်သော investment များ ကို ထုတ်ရောင်းရန်ရှိပါကြောင်း၊ အစုရှယ်ယာရှင်များအတွက် ရေရှည်တွင် အကျိုးရှိသော investment များကို ရောင်းချခြင်းမျိုး မဟုတ်ဘဲ စီမံခန့်ခွဲရန် ခက်သော ကုမ္ပဏီအတွက် ဝန်ထုပ်ဝန်ပိုးဖြစ်သော ရင်းနှီးမြှုပ်နှံမှုများကိုသာ ထုတ်နှုတ်ရောင်းချခြင်းဖြစ်ပါကြောင်း၊

ရန်ကုန်တိုင်းဒေသကြီး၊ တိုက်ကြီးမြို့နယ်တွင် ရင်းနှီးမြှုပ်နှံထားသော ဆန်စက်လုပ်ငန်းကိုလည်း ဆောင်ရွက်လျက်ရှိပါကြောင်း၊ ကုန်ကျစရိတ် အပိုင်းများတွင်လည်း မမျှော်မှန်းထားသော ကုန်ကျစရိတ်များလည်း ရှိပါကြောင်း၊ သီလဝါအကွက်အမှတ်(၂၈)နှင့် ပတ်သက်၍လည်း သီလဝါဆိပ်ကမ်း ကားလမ်းဖောက်ခြင်းနှင့် ပတ်သက်၍ ဆိပ်ကမ်းအာဏာပိုင်နှင့် သက်ဆိုင်ရာ ဌာနဆိုင်ရာများမှ လမ်းဖောက်ခြင်းနှင့် ပတ်သက်၍ ကုမ္ပဏီတစ်ခုလျှင် (၁)ဘီလီယံခန့် ထည့်ဝင်ရန်အတွက် အကြောင်းကြားလာပါကြောင်း၊ ထို့အတွက်လည်းမိမိတို့အနေဖြင့် ကျပ်သိန်း(၂၅၀၀)ခန့်ထည့်ဝင်ပြီးဖြစ်ပါကြောင်း၊ သီလဝါတွင် ဂျပန်နိုင်ငံ နှင့် ပူးပေါင်း၍ လျှပ်စစ်ထုတ်လုပ်ငန်း ဆောင်ရွက်မည့် project သည်လည်း နိုင်ငံရေးအခြေအနေများကြောင့်  ရပ်ဆိုင်းခဲ့ရသဖြင့် အခြားလုပ်ငန်းတစ်ခု ဆောင်ရွက်ရန်အတွက် ပြင်ဆင်ဆောင်ရွက်လျက် ရှိပါကြောင်း၊ ၎င်းသီလဝါ အကွက် အမှတ်(၂၈)သည် ဧကအားဖြင့် (၃၃)ဧကခန့်ရှိပြီး မြံစည်းရိုးခတ်ခြင်း လုပ်ငန်းများနှင့် မြေပြုပြင်ခြင်း လုပ်ငန်းများကိုလည်း ဆောင်ရွက်လျက်ရှိပါကြောင်း ပြောကြားခဲ့ပါသည်။

မြောင်းမြတွင်လည်း ဂျပန်နိုင်ငံ fujita နှင့် ပူးပေါင်း၍ ဆောင်ရွက်လျက်ရှိသည့် စပါးခွံမှ လျှပ်စစ်ထုတ်လွှတ်ခြင်း လုပ်ငန်းကို မြောင်းမြဓါတ်အားခွဲရုံနှင့် ချိတ်ဆက်၍ လျှပ်စစ်ဓါတ်အား ရောင်းချနိုင်ရေးကိုလည်း ဆောင်ရွက်လျက်ရှိပါကြောင်း၊ ၎င်း project နှင့် ပတ်သက်၍ ဂျပန်နိုင်ငံမှလည်း ၎င်းတို့ ရှယ်ယာများကို လွှဲပြောင်းပေးလျက်ရှိပါကြောင်း၊ အစုရှယ်ယာ လွှဲပြောင်းခြင်းကိုလည်း နှစ်ဖက်ညှိနှိုင်း၍ ဆောင်ရွက်နေရသည့်အနေအထားဖြစ်ပါသဖြင့် ကျွန်တော်တို့အနေဖြင့် အစုရှယ်ယာရှင်များ သိရှိနိုင်ရန်အတွက် တင်ပြရခြင်း ဖြစ်ပါကြောင်း၊ ကျွန်တော်တို့ ဒါရိုက်တာအဖွဲ့အနေဖြင့် လစဉ်ဒါရိုက်တာအဖွဲ့ အစည်းအဝေးကျင်းပပြုလုပ်လျက်ရှိပြီး ကုမ္ပဏီ၏လုပ်ငန်းလိုအပ်ချက်များကို ညှိနှိုင်းဆွေးနွေးခြင်းများရှိသကဲ့သို့၊ လက်တွေ့လုပ်ငန်းဆောင်ရွက်ရာတွင် ဖြစ်ပေါ်နေသည့်အားသာချက်၊ အားနည်းချက်များ အပေါ်တွင်လည်း သုံးသပ်၍ လုပ်ငန်းများကို စနစ်တကျဆောင်ရွက်လျက်ရှိပါကြောင်း၊ ဆန်စျေးကွက်အနေဖြင့် ပြောရမည်ဆိုပါက ဆန်စျေးကွက်လှုပ်ရှားမှု၊ ပြောင်းလဲမှုများသည် အင်မတန်မှ ငွေလဲနှုန်း မတည်မငြိမ် ဖြစ်ပေါ်ခြင်းနှင့် နိုင်ငံခြားငွေ မူဝါဒ ရှိနေသည့်အပေါ်တွင် တည်မှီ၍ ခက်ခဲမှုများစွာကို ရင်ဆိုင်ကြုံတွေ့နေရပါကြောင်း၊ သွင်းကုန်လုပ်ငန်းများအနေဖြင့်လည်း သွင်းကုန်လိုင်စင် ရရှိရေးသည်လည်း ခက်ခဲသောအနေအထားတစ်ခုဖြစ်ပြီး  ၎င်းအခက်ခဲများကြားမှ ကျွန်တော်တို့အနေဖြင့် ကုမ္ပဏီ၏လုပ်ငန်းများ ရပ်တည်နိုင်ရေးအတွက် ဆောင်ရွက်လျက်ရှိသော လုပ်ငန်းများကိုသာ ဦးစားပေး ထိန်းသိမ်းဆောင်ရွက်ခြင်းများကို ဆောင်ရွက်လျက်ရှိပါကြောင်း၊ ကျိုက်လတ်ကုမ္ပဏီအား Wilmar ကုမ္ပဏီသို့ အစုရှယ်ယာလွှဲပြောင်းရောင်းချခဲ့ပြီး ရောင်းချခြင်း လုပ်ငန်းစဉ်အနေဖြင့် နောက်ဆုံးအရစ် ကျန်ရှိနေသော အနေအထားဖြစ်ပါကြောင်း၊ သို့သော်လည်း ကုမ္ပဏီအနေဖြင့် ကျိုက်လတ်တွင်ရှိသော MAPCO Golden lace ကုမ္ပဏီအား ဓါတ်မြေဩဇာတင်သွင်းခြင်းလုပ်ငန်း လုပ်ဆောင်နိုင်ရန်အတွက် စီစဉ်သကဲ့သို့ ကျိုက်လတ်ရှိ မြေနေရာများကိုလည်း MAPCO ၏ ရှယ်ယာအဖြစ် လွှဲပြောင်းရယူခဲ့ပြီး 100% အစုရှယ်ယာတိုးမြှင့် ဆောင်ရွက်နိုင်ခဲ့သည်ကို ကျွန်တော့်အနေဖြင့် ရှင်းလင်းတင်ပြလိုပါကြောင်း၊ ကျွန်တော်တို့ကုမ္ပဏီ၏ ဘဏ္ဍာရေးရှင်းတမ်းကိုလည်း အစုရှယ်ယာရှင်များထံသို့ ဖြန့်ဝေထားပြီး ဖြစ်ပါကြောင်း၊ ၎င်းဘဏ္ဍာရေးရှင်းတမ်းတွင် ဝင်ငွေအားဖြင့် 27.9 ဘီလီယံ ရှိပြီး ၎င်းဝင်ငွေသည် MAPCO တစ်ခုတည်း၏ ဝင်ငွေသာဖြစ်ပြီး အခြား

ကုမ္ပဏီများတွင် ရင်းနှီးမြှုပ်နှံထားမှုများ မပါဝင်ပါကြောင်း၊ အရှုံးအနေဖြင့် 4.6 ဘီလီယံခန့် ရှိပြီး များသောအားဖြင့် အရှုံး၏ 80% သည် ချေးငွေများ၏ ဘဏ်အတိုးနှုန်းများသာဖြစ်သည်ကို ကျွန်တော်အနေဖြင့် ရှင်းလင်းတင်ပြလိုပါကြောင်း ပြောကြားခဲ့ပါသည်။

ကျွန်တော်တို့ ကုမ္ပဏီ၏ လုပ်ငန်းဆောင်ရွက်နေမှုများကို ၂၀၂၄ ခုနှစ်တွင် အဓိက လုပ်ငန်းများအဖြစ် ထားရှိပြီး လက်ရှိအခြေအနေတွင် ဆောင်ရွက်နိုင်မည့် လုပ်ငန်းများကိုလည်း ဆက်လက်လုပ်ကိုင်၍ Management & Operational inefficiency များကို ပြုပြင်ပြောင်းလဲမှုများ ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း၊ ကုမ္ပဏီ၏ အစုရှယ်ယာ လွှဲပြောင်းလိုသော အစုရှယ်ယာရှင်များအနေဖြင့် ပိုမိုလျင်မြန်လွယ်ကူစေသော နည်းစနစ်တခုဖြင့် ဆောင်ရွက်နိုင်ရန်နှင့် လိုအပ်ပါက ကုမ္ပဏီမှ ပြန်ဝယ်ပေးမည့် အနေအထားတစ်ခုအထိပါ ပြင်ဆင်ဖို့ စဥ်းစားပြင်ဆင်နေသည့် အနေအထား ဖြစ်ပါကြောင်း၊ ပြီးခဲ့သည့် ဒါရိုက်တာအဖွဲ့အစည်းအဝေးတွင် ကုမ္ပဏီ၏ အခြေအနေ အရပ်ရပ်ကြောင့် အမြတ်ဝေစု ထုတ်ပေးခြင်းကို ၂၀၂၃-၂၄ ဘဏ္ဍာရေးနှစ် မတ်လ ၃၁ ရက်နေ့ နောက်ပိုင်းမှသာ ထပ်မံစဥ်းစားဖို့ ဆုံးဖြတ်ထားပါကြောင်း၊ ကုမ္ပဏီ၏ ရပ်တည်နိုင်မှု အခြေအနေကို ဦးစားပေးရသည့်အတွက် အစုရှယ်ယာရှင်များ အားလုံးအနေဖြင့် လက်ခံသဘောတူပေးပါရန် မိမိအနေဖြင့် မေတ္တာရပ်ခံ ပန်ကြားလိုပါကြောင်း၊ အစုရှယ်ယာရှင်များနှင့် ပုံမှန်ထိတွေ့သော လုပ်ငန်းစဥ်ကိုလည်း online နည်းပညာ အကူအညီဖြင့် ၂၀၂၄ ခုနှစ်အတွင်း (၂)လလျှင် (၁)ကြိမ် ထိတွေ့နိုင်ရန်အတွက် ( ဖေဖော်ဝါရီ၊ ဧပြီ၊ ဇွန်၊ ဩဂုတ်၊ အောက်တိုဘာ၊ ဒီဇင်ဘာ ) ၎င်းလတို့၏ နောက်ဆုံးအပတ် ဗုဒ္ဓဟူးနေ့တိုင်းတွင် zoom meeting ဖြင့် ဆောင်ရွက်ပေးမည်ဖြစ်ပြီး အကြံပြု မေးမြန်းလိုသော အစုရှယ်ယာရှင်များအနေဖြင့်လည်း မေးမြန်းအကြံပြုနိုင်ရေးအတွက်ပါ ဆောင်ရွက်နိုင်ရန် စီစဥ်လုပ်ဆောင်မည် ဖြစ်ပါကြောင်း၊ တင်ပြဆွေးနွေးလိုပါကြောင်း၊ ကုမ္ပဏီ၏ အားနည်းသော အစုရှယ်ယာရှင်များအား အထောက်အပံ့ ဖြစ်စေနိုင်ရန် ရည်ရွယ်၍ ဈေးကွက်ပေါက်ဈေးထက် သက်သာသောဈေးနှုန်းဖြင့် ဆန်ရောင်းချနိုင်ရေး၊ ဆီ ရောင်းချနိုင်ရေးတို့အတွက် ၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလမှ စတင်၍ ရောင်းချနိုင်ရေးအတွက် စီစဥ်ဆောင်ရွက်ပေးမည်ဖြစ်ပြီး ၎င်းကိစ္စရပ်နှင့် ပတ်သက်၍ email ဖြင့်သော်လည်းကောင်း၊ Viber မှ သော်လည်းကောင်း အသိပေးအကြောင်းကြားမည်ဖြစ်ပါကြောင်း ထည့်သွင်းပြောကြားခဲ့ပါသည်။

၂၀၂၂-၂၀၂၃ ခုနှစ် နှစ်ပတ်လည် အထွေထွေ အစည်းအဝေးတွင် ဒါရိုက်တာအဖွဲ့၏ အစီရင်ခံစာ၊ လုပ်ငန်းဆောင်ရွက်မှု အခြေအနေများ၊ စာရင်းစစ်ပြီး ငွေစာရင်းရှင်းတမ်းများကို အတည်ပြုခဲ့ပါသည်။ ဒါရိုက်တာအဖွဲ့ဝင် (၇)ဦး အမည်စာရင်းအတိုင်း အတည်ပြု ဆုံးဖြတ်ခဲ့ပါသည်။ MAPCO ၏ ငွေစာရင်းများစစ်ဆေးရန် ဦးသောင်းအေး စာရင်းစစ်အဖွဲ့ကို ပြင်ပစာရင်းစစ်အဖြစ် ဆက်လက်ခန့်ထားရန်နှင့် internal audit ( independent audit ) အဖွဲ့ ခန့်အပ်ရေး စီစဥ်ရန် ဆုံးဖြတ်ခဲ့ကြပါသည်။ အစုရှယ်ယာရှင်များအနေဖြင့် မေးမြန်းအကြံပြုခြင်းနှင့် ကုမ္ပဏီနှင့် ထိတွေ့နိုင်ရန်အတွက် online နည်းပညာအကူအညီဖြင့် ၂၀၂၄ ခုနှစ်အတွင်း (၂)လလျှင် (၁)ကြိမ် ထိတွေ့နိုင်ရန်အတွက် ( ဖေဖော်ဝါရီ၊ ဧပြီ၊ ဇွန်၊ ဩဂုတ်၊ အောက်တိုဘာ၊ ဒီဇင်ဘာ ) ၎င်းလတို့၏ နောက်ဆုံးအပတ်တွင် zoom meeting ဖြင့် ဆောင်ရွက်ပေးနိုင်ရေးအတွက် ဆုံးဖြတ်ခဲ့ကြပါသည်။

MAPCO
AGRIBUSINESS

# ဖွဲ့နုဆီနှင့် စားသုံးဆီထုတ်လုပ်မှုစီမံကိန်း

မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်၏ ဦးဆောင်မှုဖြင့် သွင်းကုန်အစားထိုးရန်၊ ပို့ကုန်မြှင့်တင်ရန်နှင့် ပြည်တွင်းစားသုံးဆီ ဖူလုံရေး မြှင့်တင်ဆောင်ရွက်နိုင်ရန် ရည်ရွယ်လျက် **'ဖွဲ့နုဆီနှင့်စားသုံးဆီထုတ်လုပ်သည့်လုပ်ငန်း'** ကို စနစ်တကျ ရင်းနှီးမြှုပ်နှံဆောင်ရွက်ရေးအတွက် Myanmar Rice Bran Oil Company Limited (MRBO)ကို ၂၀၂၂ ခုနှစ်တွင် ဖွဲ့စည်းတည်ထောင်ခဲ့ပါသည်။ အဆိုပါကုမ္ပဏီတွင် MAPCO အပါအဝင်အခြား ဆန်စပါးကုမ္ပဏီများ၊ ဆန်စက်လုပ်ငန်းရှင်များကိုပါ ဖိတ်ခေါ်စုပေါင်း၍ အစုရှယ်ယာရှင်များစွာဖြင့် ဖွဲ့စည်းဆောင်ရွက်သွားရန် ရည်ရွယ်ထားပြီး လက်ရှိအခြေအနေတွင် MRBO ၌ MAPCO ၏ အစုရှယ်ယာထည့်ဝင်မှုမှာ (၈၀)ရာခိုင်နှုန်းဖြစ်ပါသည်။ Myanmar Rice Bran Oil Company Limited (MRBO) အနေဖြင့် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင် (MIC) သို့လည်း ရင်းနှီးမြှုပ်နှံမှုအဆိုပြုလွှာတင်ပြလျှောက်ထားခဲ့ပြီး ဇန်နဝါရီလ(၅)ရက်နေ့၊ ၂၀၂၄ ခုနှစ်တွင် ခွင့်ပြုမိန့်အမှတ် (၂၆၁/၂၀၂၄) ဖြင့် MIC ခွင့်ပြုမိန့်ကို ရရှိပြီးဖြစ်ပါသည်။

MRBO ၏ ဖွဲ့နုဆီနှင့်စားသုံးဆီထုတ်လုပ်မှုလုပ်ငန်းကို အောက်ဖော်ပြပါ ရည်ရွယ်ချက်များဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။

(၁) ဆန်စပါးကြိတ်ခွဲသန့်စင်ထုတ်လုပ်မှုလုပ်ငန်း၏ ဘေးထွက်ပစ္စည်းဖြစ်သော ဖွဲနုမှဖွဲနုဆီကို တန်ဖိုးမြှင့်တင်ထုတ်ကုန်အဖြစ် ထုတ်လုပ်ရောင်းချနိုင်ရန်။

(၂) ပြည်တွင်းဈေးကွက်အတွက် စားသုံးဆီဖူလုံမှုကို အထောက်အကူပြုနိုင်ရန်နှင့် နိုင်ငံတကာဈေးကွက်သို့ မြန်မာ့လယ်ယာထွက်ကုန်အမယ်သစ်ဖြစ်သည့် ဖွဲနုဆီ၊ ဖွဲနုဆီကြမ်းများ ဆီထုတ်ပြီး ဖွဲဖတ်စသော ပို့ကုန်အမယ်သစ် (New Export Products) များကို တင်ပို့ရောင်းချနိုင်ရန်။

(၃) ဖွဲနုဆီထုတ်လုပ်မှုနည်းပညာဖြစ်သော Solvent Extraction Technology ကို ပိုမိုနားလည်သဘောပေါက်ပြီး၊ လက်တွေ့အသုံးချနိုင်ခြင်းဖြင့် ဖွဲနုသာမက အခြားသောဆီထွက်သီးနှံများဖြစ်သည့် နေကြာ၊ ပဲပုပ် (Soya Bean) တို့မှ စားသုံးဆီများကို ပိုမိုတိုးချဲ့ထုတ်လုပ်ဆောင်ရွက်နိုင်ရန်။

(၄) ဆန်စပါးတန်ဖိုးကွင်းဆက်(Rice Value Chain)စဉ်ဆက်မပြတ်ဖွံ့ဖြိုးမှုကို အထောက်အကူပြုနိုင်မှုမှသည် ပြည်တွင်း တိရစ္ဆာန်အစာဈေးကွက်နှင့် မွေးမြူရေးလုပ်ငန်းများ၊ နိုင်ငံတော်၏ စားနပ်ရိက္ခာဖူလုံမှုလုပ်ငန်းစဉ်များကိုပါ တစ်တပ်တအား အကျိုးပြုနိုင်စေရန်။

(၅) ဖွဲနုဆီထုတ်လုပ်မှုလုပ်ငန်းကို အောင်မြင်အကျိုးရှိသော လုပ်ငန်းအဖြစ် ထူထောင်ပြီး အလုပ်အကိုင်ဖန်တီးရေးနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးတို့ကို အကျိုးပြုနိုင်စေရန်တို့ ဖြစ်ပါသည်။

ထုတ်လုပ်မှု စွမ်းအားအနေဖြင့် တန် (၂၀၀) ဆီကြမ်းစက်ရုံမှ တစ်နှစ်လျှင် ဆီကြမ်းတန်ချိန် (၉,၀၀၀) ခန့် ထွက်ရှိနိုင်ပြီး တန်(၅၀) ဆီချောစက်ရုံမှ တစ်နှစ်လျှင် စားသုံးဆီတန်ချိန် (၆,၃၀၀)ခန့် ထွက်ရှိနိုင်မည် ဖြစ်ပါသည်။ ဖွဲနုအပြင် ပဲပုပ်နှင့် နေကြာ စသည့်ဆီထွက်သီးနှံများမှလည်း စားသုံးဆီထုတ်လုပ်ခြင်းကို ဆောင်ရွက်သွားမည်ဖြစ်ပြီး ၂၀၂၅ ခုနှစ်တွင် စတင်လည်ပတ်နိုင်ရန် လျာထားဆောင်ရွက်လျက်ရှိပါသည်။

- ဖွဲနုဆီကြမ်းထုတ်လုပ်ပုံအဆင့်ဆင့် (Rice Bran Solvent Extraction Process)
- ဖွဲနုဆီချောထုတ်လုပ်ပုံအဆင့်ဆင့် (Physical Refining Process)
- Refined Rice Bran Oil ထုတ်ကုန်များ

# Myanmar Rice Bran Oil Co.,Ltd ဖွဲနုဆီ နှင့် စားသုံးဆီထုတ်လုပ်ရေး စက်ရုံ (နေပြည်တော်) ၏ ပန္နက်တင်မင်္ဂလာအခမ်းအနား ကျင်းပခဲ့ခြင်း

Myammer Rice Bran Oil Co., Ltd(MRBO)၏ ဖွဲနုဆီနှင့် စားသုံးဆီထုတ်လုပ်မှုစက်ရုံ(နေပြည်တော်) ပန္နက်တင်မင်္ဂလာအခမ်းအနားကို (၇.၂.၂၀၂၄) ရက်နေ့တွင် ကျင်းပခဲ့ပြီး သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စက်မှုဝန်ကြီးဌာန၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန စသည့်ဝန်ကြီးဌာနများမှ ပြည်ထောင်စုဝန်ကြီးများနှင့် နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ကောင်စီအဖွဲ့အဝင်များ မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်နှင့် MAPCO မှတာဝန်ရှိသူများ၊ အိန္ဒိယနိုင်ငံ ADITYA ENGINEERS မှ အင်ဂျင်နီယာများ တက်ရောက်ခဲ့ကြပြီး အခမ်းအနားကို အောင်မြင်စွာကျင်းပပြီးစီးခဲ့ပါသည်။













## တည်ဆောက်ရေးလုပ်ငန်းများ စတင်ဆောင်ရွက်ခြင်း

Myammer Rice Bran Oil Co., Ltd(MRBO)အနေဖြင့် ဆီကြမ်းနှင့်ဆီချော ထုတ်လုပ်မည့်စက်ပစ္စည်းများကို အိန္ဒိယနိုင်ငံ ADITYA ENGINEERS ကုမ္ပဏီမှ မှာယူပြီး တည်ဆောက်တပ်ဆင်သွားမည် ဖြစ်ပါသည်။

ဖွဲနုဆီနှင့်စားသုံးဆီ ထုတ်လုပ်ဖြန့်ဖြူးခြင်းလုပ်ငန်းအတွက် ပျဉ်းမနားမြို့နယ်၊ နေပြည်တော်(ပြည်ထောင်စုနယ်မြေ)တွင် ကုန်ကြမ်းသန့်စင်စက်ရုံ၊ ကုန်ချောသိုလှောင်ရုံများအပါအဝင် တန်(၂၀၀) ဆီကြမ်းစက်ရုံနှင့် တန်(၅၀) ဆီချောစက်ရုံများကို ဦးစွာစတင်တည်ဆောက်မည်ဖြစ်ပါသည်။ Solvent Extraction Plant (ဆီကြမ်းထုတ်စက်ရုံ) မြေနေရာအား ပက်တန်းရိုက်/ အကွက်ချခြင်းကို (၂.၅.၂၀၂၄) ရက်နေ့တွင် ပြုလုပ်ခဲ့ပြီး မြေတူးခြင်း (Excavation work) လုပ်ငန်းအား (၁၄.၅.၂၀၂၄) ရက်နေ့တွင် စတင်ဆောင်ရွက်ခဲ့ပါသည်။

# ဖွဲနုဆီကြမ်းထုတ်လုပ်ပုံအဆင့်ဆင့်
# (Rice Bran Solvent Extraction Process)

ဖွဲနုမှ ဖုန်၊ခဲ၊ဆန်ကွဲများဖယ်ခြင်း
(Impurities Separation)

(ဖွဲနုတောင့်)



ဖွဲနုကို ပြုပြင်ခြင်း
Pretreatment (Pelleting)(Extrusion)

ဓာတ်ပျံ့ဆီ
(Solvent)

ဆီထုတ်လုပ်ခြင်း
Extraction (Extractor)

ဆီထုတ်ပြီးဖွဲနု
(OERB)

ဆီနှင့်ဓာတ်ပျံ့ဆီအရော
(Miscella)

အအေးခံကိရိယာ
(Condenser)

ဆီချက်ခြင်း
Distillation (Distiller) (Evaporator)

ရေနွေးငွေ့
(Steam)

ဓာတ်ပျံ့ဆီအငွေ့
(Solvent Vapor)

ဖွဲနုဆီကြမ်း
(Crude Rice Bran Oil)



ဖွဲနုဆီချောထုတ်လုပ်ပုံအဆင့်ဆင့် (Physical Refining process)

| Input | Process | Output |
|---|---|---|
| Enzyme | အစေးချွတ်ခြင်း Degumming | Gums အစေးများ |
| Bleaching Clay | အရောင်ချွတ်ခြင်း(1)Bleaching(1) | Bleaching Spent အရောင်ချွတ်ဖတ် |
| | ဖယောင်းထုတ်ခြင်း(1)Dewaxing(1) | Wax ဖယောင်း |
| Steam vaccum | အချဉ်ဓာတ်ချွတ်ခြင်း Decalcification | Fatty Acid Distillate |
| Bleaching Clay | အရောင်ချွတ်ခြင်း(2)Bleaching(2) | Bleaching Spent အရောင်ချွတ်ဖတ် |
| | ဖယောင်းထုတ်ခြင်း(2)Dewaxing(2) | Wax ဖယောင်း |
| Steam Vacuum | အနံ့ချွတ်ခြင်း Dedorization | Odorous matter |
| | ဖွဲနုစားဆီ Refined Rice Bran Oil | |



အခြားနိုင်ငံများတွင် ထုတ်လုပ်နေသော ဈေးကွက်ဝင်
Refined Rice Bran Oil ထုတ်ကုန်များ












# ပို့ကုန်၊ သွင်းကုန် လုပ်ငန်းဆောင်ရွက်မှု

ပို့ကုန်၊ သွင်းကုန်လုပ်ငန်းဖြစ်သည့် နိုင်ငံတကာကုန်သွယ်မှုကို Trading & Logistics Department (TLD) ဌာနမှ တာဝန်ယူဆောင်ရွက်လျက်ရှိပါသည်။ ၂၀၂၃ ခုနှစ်၊ ဧပြီလ မှ ၂၀၂၄ ခုနှစ်၊ မတ်လအတွင်း ပို့ကုန် ကုန်စည်များ ဖြစ်သည့် ဆန်၊ ဆန်ကွဲ၊ ပြည်ပသို့ တင်ပို့ရောင်းချမှုမှာ ယခင်နှစ်နှင့် နှိုင်းယှဉ်ကြည့်မည်ဆိုပါက ပိုမိုတိုးတက်လာသော အနေအထားတွင်တည်ရှိနေပါသည်။ ယခုနှစ်တွင် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ ချမှတ်သော ပို့ကုန် တင်ပို့ခြင်းနှင့် သွင်းကုန်တင်သွင်းခြင်းဆိုင်ရာ မူဝါဒအပြောင်းအလဲများ၊ နိုင်ငံခြားဝင်ငွေလဲလှယ်ခြင်းဆိုင်ရာ မူဝါဒအပြောင်းအလဲများ၊ ပြည်တွင်းဈေးကွက်တွင် ဈေးနှုန်း မတည်ငြိမ်မှုများကြားမှ ပို့ကုန်တင်ပို့ခြင်းနှင့် သွင်းကုန်တင်သွင်းခြင်းလုပ်ငန်းများအား စဉ်ဆက်မပြတ် တိုး၍ ဆောင်ရွက်ခဲ့ပါသည်။

၂၀၂၃ ခုနှစ်၊ ဧပြီလမှ ၂၀၂၄ ခုနှစ်၊ မတ်လအတွင်း MAPCO Group တစ်ခုလုံးအနေဖြင့် ပြည်ပသို့ ဆန်/ဆန်ကွဲ တန်ချိန်(၂၃၉၂၀)၊ ပဲတန်ချိန်(၁၉၀၀)၊ နှံစားပြောင်း တန်ချိန်(၄၅၀) စုစုပေါင်းတန်ချိန်(၂၆၂၇၀) ကို တင်ပို့နိုင်ခဲ့ပြီး နိုင်ငံခြားငွေ အမေရိကန်ဒေါ်လာ (၁၄.၃) သန်းခန့်ကို ရှာဖွေနိုင်ခဲ့ပါသည်။ ထိုသို့ ပြည်ပတင်ပို့ရောင်းချနိုင်ရန်အတွက် ကုမ္ပဏီနှင့် ဒေသ ဆိုင်ရာတောင်သူများ အကျိုးတူ ပူးပေါင်းဆောင်ရွက်သည့် Contract Farming (CF) စနစ်ဖြင့် စပါးများအားဝယ်ယူခြင်း၊ စာချုပ်ပြင်ပ ပိုလျှံစပါးများအား ဝယ်ယူခြင်း၊ ဆန်ကုန်ကြမ်းများအား ဝယ်ယူ၍ ကုမ္ပဏီပိုင်ဆန်စက်များတွင် သိုလှောင် ကြိတ်ခွဲ၍သော် လည်းကောင်း၊ ကုမ္ပဏီနှင့် အစဉ်တစိုက် ပူးပေါင်းဆောင်ရွက်ခဲ့သော ပြည်တွင်း Supplier များနှင့် စာချုပ် ချုပ်ဆို၍ သော်လည်းကောင်း၊ မိတ်ဖက်ကုမ္ပဏီများနှင့် အကျိုးတူပူးပေါင်း၍သော်လည်းကောင်း၊ Myanmar Rice Federation (MRF) အစီအစဉ်ဖြင့် ဆောင်ရွက်လျက်ရှိသော G to G လုပ်ငန်းများတွင် ပူးပေါင်းပါဝင်၍သော်လည်း ကောင်း၊ ပြည်ပသို့ ဆန်/ဆန်ကွဲ နှင့် လယ်ယာပို့ကုန်များ တင်ပို့ရောင်းချခြင်းအား ဆောင်ရွက်လျက်ရှိပါသည်။

ယခုနှစ်တွင် မြန်မာနိုင်ငံမှ လယ်ယာထွက်ကုန်ဖြစ်သော ဆန်/ဆန်ကွဲ များကို အာရှနိုင်ငံများဖြစ်သော တရုတ် နိုင်ငံ၊ မလေးရှားနိုင်ငံ၊ အင်ဒိုနီးရှားနိုင်ငံ၊ ဖိလစ်ပိုင်နိုင်ငံ၊ ဗီယက်နမ် နိုင်ငံရှိ Buyer များ၊ ဥရောပနိုင်ငံများဖြစ်သော ချက်နိုင်ငံ၊ အက်စ်တိုးနီးယားနိုင်ငံရှိ Buyer များ၊ အာဖရိကနိုင်ငံဖြစ်သော မိုဇမ်ဘစ်နိုင်ငံရှိ Buyer များသို့ တင်ပို့နိုင်ခဲ့ပြီး အခြားနိုင်ငံများသို့လည်း တင်ပို့နိုင်ရန်အတွက် ဈေးကွက်ချဲ့ထွင်မှုများ လုပ်ဆောင်လျက်ရှိပါသည်။







Mozambique နိုင်ငံသို့ တင်ပို့မည့် Ready cargo များ ဂိုဒေါင်တွင် သိုလှောင်ထားရှိပုံ







Philippines နိုင်ငံသို့ တင်ပို့ရန်အတွက် သင်္ဘောဝမ်းထဲသို့ Cargo Loading ပြုလုပ်နေပုံ

ဆက်လက်၍ ဆန်စပါးလုပ်ငန်းကိုသာမက အခြားဝင်ငွေရရှိနိုင်သော လုပ်ငန်းများဖြစ်သည့် ပြောင်း၊ ပဲ နှင့် ဆီထွက်သီးနှံများကိုပါ မိမိတို့၏ မိတ်ဖက် ဝယ်ယူသူများနှင့် ချိတ်ဆက်၍ ဈေးကွက် ချဲ့ထွင်ဆောင်ရွက်သွားမည်ဖြစ်ပြီး နေပြည်တော် ဆန်စက်၊ လှိုင်သာယာ ဆန်စက်များအပြင် မြောင်းမြ ဆန်စက်၊ မအူပင် ဆန်စက်၊ တွံတေး ဆန်စက်နှင့် တိုက်ကြီးမြို့နယ်ရှိ ဆန်စက်အားလုံးကိုလည်း စွမ်းအားပြည့်လည်ပတ်လျက်ရှိပြီး ပိုမိုတိုးတက်အောင် ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ပါသည်။

## ကြိတ်ခွဲရေးလုပ်ငန်း


ကုမ္ပဏီပိုင်ဆန်စက်များ၏ ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ်အတွင်း ကြိတ်ခွဲမှုစာရင်းမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

| စဉ် | ဆန်စက် | ကြိတ်ခွဲထုတ်လုပ်မှု | |
|---|---|---|---|
| | | စပါး | Re Milling |
| ၁။ | လှိုင်သာယာ | - | ၆၁၃၈.၅၉ တန် |
| ၂။ | မြောင်းမြ | ၈၂၆၁၁.၂၅ တင်း | - |
| ၃။ | နေပြည်တော် | ၂၅၀၉၂၉ တင်း | ၁၆၆၂ တန် |
| စုစုပေါင်း | | ၃၃၃၅၄၀.၂၅ တင်း | ၇၈၀၀.၅၉ တန် |

MAPCO AGRIBUSINESS


## ၂၀၁၉ ခုနှစ်၊ ဧပြီလ မှ ၂၀၂၄ ခုနှစ်၊ မတ်လအထိ နှစ်အလိုက် ပြည်ပတင်ပို့မှုအခြေပြဇယား

Rice/Other Export By MAPCO GROUP USD-000




| | 2019-2020 | 2020-2021 | 2021-2022 | 2022-2023 | 2023-2024 |
|---|---|---|---|---|---|
| MT | 48,591 | 25410 | 35755 | 23461 | 26270 |
| USD | 16,476 | 10412 | 13118 | 12057 | 14271 |


## ၂၀၂၁ ခုနှစ်၊ ဧပြီလမှ ၂၀၂၄ ခုနှစ်၊ မတ်လအထိ MAPCO မှ နိုင်ငံအလိုက် ပြည်ပတင်ပို့မှုအခြေပြဇယား




| Country | MT |
|---|---|
| China | 54219 |
| Europe | 2423 |
| Bangladesh | 2500 |
| Philippines | 8034 |
| Africa | 6240 |
| Malaysia | 6125 |
| Indonesia | 2520 |
| Vietnam | 910 |
| Other | 2515 |

## ၂၀၂၃ ခုနှစ်၊ ဧပြီလမှ ၂၀၂၄ ခုနှစ်၊ မတ်လအတွင်း ပို့ကုန်အမျိုးအစားအလိုက် တင်ပို့နိုင်မှုအခြေအနေ

| Commodity | MT |
|---|---|
| E 5% | 11213 |
| E 25% | 8060 |
| A 1:2 | 3118 |
| B 1,2 | 1066 |
| PB | 463 |
| Other | 2350 |
| **Total** | **26270** |





လှိုင်သာယာ



တိုက်ကြီး



တွံတေး

MAPCO Group ၏
ဆန်စက်နှင့်
သိုလှောင်ရုံများ



မအူပင်



နေပြည်တော်



မြောင်းမြ

အထက်ပါ ဆန်စက်များ၊ သိုလှောင်ရုံများကို အခြေပြု၍ ဆန်/စပါးများ ဝယ်ယူ၊ သိုလှောင်၊ ကြိတ်ခွဲ၊ တင်ပို့ရောင်းချသည့်လုပ်ငန်းများကို အလေးထားဆောင်ရွက်လျက်ရှိပါသည်။

သွင်းကုန်လုပ်ငန်းအနေဖြင့် ဓါတ်မြေသြဇာများ၊ လယ်ယာလုပ်ငန်းသုံးစက်ပစ္စည်းများနှင့် ကုမ္ပဏီအတွက် လိုအပ်သောပစ္စည်းများကို တင်သွင်းမှုများအား ဆောင်ရွက်လျက်ရှိပါသည်။

# ဓာတ်မြေသြဇာတင်သွင်းဖြန့်ဖြူးရောင်းချရေးလုပ်ငန်း

ဓာတ်မြေသြဇာတင်သွင်းဖြန့်ဖြူးခြင်းလုပ်ငန်းကို MAPCO ၏ ကုမ္ပဏီခွဲတစ်ခုဖြစ်သော MGL Co.,Ltd အနေဖြင့် ပြည်ပနိုင်ငံများဖြစ်သော UAE ၊ Malaysia နှင့် Vietnam နိုင်ငံတို့မှ တင်သွင်းဖြန့်ဖြူးလျက်ရှိပါသည်။

၂၀၂၃-၂၀၂၄ ခုနှစ်တွင် Urea တန်ချိန် (၄၀၀၀၀) နှင့် Compound ( NPK) တန်ချိန် (၁၅၀၀) တင်သွင်းခဲ့ပြီး ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် နေပြည်တော်ကောင်စီနယ်မြေတို့တွင် အဓိက ဖြန့်ဖြူးရောင်းချလျက်ရှိပါသည်။

မြေသြဇာဖြန့်ဖြူးရောင်းချရာတွင် ကုမ္ပဏီများသို့ လက်ကားစနစ်ဖြင့်လည်းကောင်း၊ ဓာတ်မြေသြဇာအရောင်းဆိုင်များသို့ အပ်ကုန်စနစ်/ လက်ငင်းစနစ်ဖြင့်လည်းကောင်း၊ တောင်သူများသို့ တိုက်ရိုက်/ လက်လီစနစ်ဖြင့်လည်းကောင်း၊ "ကင်ဇို" အမှတ်တံဆိပ်ဖြင့် ရောင်းချလျက်ရှိပါသည်။ အပ်ကုန်စနစ်ဖြင့် စာချုပ်ချုပ်ဆိုထားသောအရောင်းဆိုင်ပေါင်း (၅၀)ဆိုင်ရှိပါသည်။

ဘဏ္ဍာရေးနှစ်အလိုက် MGL Co;Ltd ကုမ္ပဏီမှ တင်သွင်းသည့် မြေသြဇာတန်ချိန်များ

| စဉ် | ဘဏ္ဍာနှစ် | ပစ္စည်းအမည် | တန်ချိန် |
|---|---|---|---|
| ၁။ | ၂၀၂၃-၂၀၂၄ | ယူရီးယား (၄၆%) | ၄၀၀၀၀ |
| | မေ-၂၀၂၃ | | ၈၀၀၀ |
| | ဇူလိုင်-၂၀၂၃ | | ၁၀၀၀၀ |
| | နိုဝင်ဘာ-၂၀၂၃ | | ၂၂၀၀၀ |
| ၂။ | ဇူလိုင်-၂၀၂၃ | ကွန်ပေါင်း ( ၁၀: ၁၈: ၁၈) | ၁၅၀၀ |





တိုင်းဒေသကြီးအလိုက်အပ်ကုန်စနစ်ဖြင့် ရောင်းချလျက်ရှိသော ဆိုင်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

| | | |
|---|---|---|
| (က) | ရန်ကုန်တိုင်း | ၁၅ ဆိုင် |
| (ခ) | ဧရာဝတီတိုင်း | ၁၀ ဆိုင် |
| (ဂ) | ပဲခူးတိုင်း | ၃ ဆိုင် |
| (ဃ) | နေပြည်တော် | ၈ ဆိုင် |
| | စုစုပေါင်း | ၃၆ ဆိုင် |



# တိုင်းဒေသကြီးအလိုက် အပ်ကုန်စနစ်ဖြင့် ရောင်းချလျက်ရှိသော ဆိုင်များ






















# တည်ဆောက်ပြုပြင်မွမ်းမံရေး၊ စီမံကိန်းများ စီမံခန့်ခွဲကြီးကြပ်ဆောင်ရွက်နေမှု အခြေအနေ

တည်ဆောက်ရေးလုပ်ငန်းများ၊ ပြုပြင်မွမ်းမံရေးနှင့် ထိန်းသိမ်းရေးလုပ်ငန်းများဆောင်ရွက်ရန် Project Management, Engineering, Maintenance & Repair Department(PMEMR) ကို ဖွဲ့စည်းထားပြီး လုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါသည်။ MAPCO Group လက်အောက်တွင် လိုအပ်လျက်ရှိသော လယ်ယာစိုက်ပျိုးရေးဆိုင်ရာ အင်ဂျင်နီယာလုပ်ငန်းများ၊ ဆန်စက်အင်ဂျင်နီယာလုပ်ငန်းများ၊ တည်ဆောက်ရေးနှင့် ပြုပြင်မွမ်းမံရေးဆိုင်ရာလုပ်ငန်းများကို ဒါရိုက်တာအဖွဲ့၏ လမ်းညွှန်ကြီးကြပ်မှုနှင့်အညီ ဆောင်ရွက်လျက်ရှိပါသည်။ MAPCO ၏ ဆန်စက်များ၊ ဖွဲနုဆီစက်ရုံများ၊ သိုလှောင်ရုံများ တည်ဆောက်သည့်နေရာတွင် ကုန်ကျစရိတ် သက်သာစေရန်နှင့် အရည်အသွေး အဆင့်အတန်းမှီဖြစ်စေရန် ရည်ရွယ်ပြီး MAPCO ၏ စီမံကိန်းလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်ရပြီး အဆောက်အဦး ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများအပြင် ဆန်စက်နှင့် သက်ဆိုင်သောစက်အပိုပစ္စည်းထုတ်လုပ်ခြင်းနှင့် စက်တပ်ဆင်ခြင်းလုပ်ငန်းများကို ကျွမ်းကျင်ဝန်ထမ်းများဖြင့် တာဝန်ယူဆောင်ရွက်လျက်ရှိပါကြောင်း တင်ပြအပ်ပါသည်။

၂၀၂၃ - ၂၀၂၄ ဘဏ္ဍာနှစ်အတွင်း ရန်ကုန်တိုင်းဒေသကြီး၊ တွံ့တေးမြို့နယ် ASC စခန်းတွင် MAPCO ၏ သိုလှောင်ရုံအဆောက်အဦးအား PMEMR ဌာနမှ တာဝန်ယူတည်ဆောက်နေပါသည်။ အဆိုပါ အလျား ၂၂၀ ပေ x အကျယ် ၈၀ ပေ x အမြင့် ၂၇ ပေ သိုလှောင်ရုံတည်ဆောက်ခြင်း လုပ်ငန်းများမှာ ၉၅% အထိပြီးစီးနေပြီဖြစ်ပါသည်။ အဆောက်အဦးပြီးစီးပါက ပီနံအိတ်ခွံ (ဆန်၊ ပဲ၊ မြေသြဇာထုတ်ပိုးအိတ်ခွံ) PP Bag များ ထုတ်လုပ်မှုလုပ်ငန်းများကို အိန္ဒိယနိုင်ငံမှ မိတ်ဖက်ရင်းနှီးမြှုပ်နှံသူများနှင့် ပူးပေါင်းဆောင်ရွက်နိုင်မည်ဖြစ်ပါသည်။




တွံ့တေးတွင်တည်ဆောက်နေသည့်သိုလှောင်ရုံ အဆောက်အဦး

ရန်ကုန်တိုင်းဒေသကြီး၊ တိုက်ကြီးမြို့နယ်၊ ရင်းတိုက်ကွင်း ကျေးရွာတွင် MAPCO နှင့် Yangon Agri-Food Co.,ltd. တို့ ပူးပေါင်း၍ လုံးတီးဆန်စက်စီမံကိန်းအား ဆောင်ရွက်နေပါသည်။ ၎င်းလုံးတီးဆန်စက်စီမံကိန်းတွင် 10 Ton/hr SATAKE အဆင်မြင့်လုံးတီးကြိတ်ခွဲစက်၊ 30 MT ကိုရီးယားစပါးအခြောက်ခံစက်၊ ၁၀၀ ပေ x ၅၀ ပေ သိုလှောင်ရုံ၊ ဓာတ်မြေသြဇာအရောင်း ပြခန်းနှင့်ရုံးခန်း အဆောက်အဦးတို့အား တည်ဆောက်နေပါသည်။



တိုက်ကြီးလုံးတီးဆန်စက်စီမံကိန်းနေရာ



လုံးတီးဆန်စက်တပ်ဆင်ထားသည့် ဆန်စက်အဆောက်အဦး

တိုက်ကြီးလုံးတီးဆန်စက် တပ်ဆင်ခြင်းလုပ်ငန်းများဆောင်ရွက်လျှက်ရှိရာ ၁၀၀% ပြီးစီး၍ ကြိတ်ခွဲထုတ်လုပ်လျှက်ရှိပါသည်။ MAPCO ကုမ္ပဏီ၏ Contract Farming မှ ရရှိလာသောစပါးများကို ၂၀၂၃ ခုနှစ်၊ အောက်တိုဘာလအတွင်း လုံးတီးကြိတ်ခွဲမှု့များ စတင်လည်ပတ်နိုင်ခဲ့ပါသည်။



တိုက်ကြီးဆန်စက်တွင်တပ်ဆင်ထားသည့်အခြောက်ခံစက်

တိုက်ကြီးလုံးတီးဆန်စက်တွင် အခြောက်ခံစက် တစ်စုံတပ်ဆင်ထားပြီး Contract Farming မှ ရရှိလာသောစပါးများ အခြောက်ခံခြင်းလုပ်ငန်းများကို စတင်ဆောင်ရွက်နေပြီဖြစ်ပြီး ၂၀၂၃ ခုနှစ် မိုးစပါးကာလတွင် မိမိတို့စပါးများအပြင် ပြင်ပမှ စပါးများ နဝလီအခြောက်ခံမှုများကို လက်ခံဆောင်ရွက်နိုင်ရန်ပြင်ဆင်ထားပါသည်။



ဓာတ်မြေဩဇာ
အရောင်းပြခန်းနှင့်
ရုံးခန်းအဆောက်အဦး

Contract Farming မှ ရရှိလာသောစပါးများနှင့် လုံးတီးကြိတ်ခွဲပြီး ဆန်အိတ်များ ထားသိုရန်အတွက် အလျား ၁၀၀ ပေ x အကျယ် ၅၀ ပေ သိုလှောင်ရုံ တစ်လုံးတည်ဆောက်နေပြီး ပြီးစီးနေပြီဖြစ်ပါသည်။ ထိုပြင် တောင်သူများအား ဓာတ်မြေဩဇာ ဖြန့်ဖြူးရောင်းချပေးနိုင်ရန်အတွက်လည်း ရုံးခန်းနှင့်တွဲ၍ အရောင်းပြခန်းအဆောက်အဦးတစ်လုံး တည်ဆောက်လျှက်ရှိရာ ပြီးစီးပြီဖြစ်ပါသည်။



သိုလှောင်ရုံအဆောက်အဦး(တည်ဆောက်ရေးကာလ)

သီလဝါဆိပ်ကမ်းတွင် အလျား ၃၀၀ ပေ x အကျယ် ၁၂၀ ပေ ဓာတ်မြေဩဇာသိုလှောင်ရုံတည်ဆောက်ရန်နှင့် ခြံစည်းရိုး ကာရံခြင်းလုပ်ငန်းများအတွက် ဒီဇိုင်းနှင့် ဈေးနှုန်းပြင်ဆင်ခြင်း၊ မြေကွက်အား ရှင်းလင်းခြင်းများကို ဆောင်ရွက်ထားပါသည်။





မြေကွက်အတွင်း မြက်ပင်များ ရှင်းလင်းခြင်း




သီလဝါမြေကွက်တွင် တည်ဆောက်မည့် သိုလှောင်ရုံ အဆောင်အဦးပုံစံ

## မြောင်းမြဆိပ်ကမ်းမြေနေရာတွင်ဆောင်ရွက်နေသော သိုလှောင်ရုံတည်ဆောက်ရေးလုပ်ငန်း

ဧရာဝတီတိုင်းဒေသကြီး၊ မြောင်းမြမြို့နယ် MAPCO စက်ရုံ၊ ကမ်းနားဘက်မြေလွတ်(ဆိပ်ကမ်းဧရိယာ)တွင် စပါးသိုလှောင်ကြိတ်ခွဲရန်နှင့် စပါးခွံသိုလှောင်ရန်အတွက် အလျား ၂၀၀ ပေ x အကျယ် ၈၀ ပေ x အမြင့် ၂၈ ပေ သိုလှောင်ရုံ အဆောက်အဦတည်ဆောက်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေပြီး (၄၀)ရာခိုင်နှုန်းခန့် ပြီးစီးနေပြီဖြစ်ပါသည်။

မြောင်းမြတွင် တည်ဆောက်နေသော သိုလှောင်ရုံ တည်ဆောက်ရေး လုပ်ငန်း







မြန်မာနိုင်ငံတွင် လယ်ယာစိုက်ပျိုးရေးကဏ္ဍ (Agricultural Sector)၊ လယ်ယာစိုက်ပျိုးရေးကို အခြေခံသော စက်မှုလက်မှုလုပ်ငန်းများ (Agri based Industries) နှင့် လယ်ယာစိုက်ပျိုးရေးကို အခြေခံသော စားသောက်ကုန်လုပ်ငန်းများ (Agri-food Industries)များတွင် လာရောက်ရင်းနှီးမြှုပ်နှံသော FDI Projects များအတွက်လည်းကောင်း၊ ကုမ္ပဏီ၏တည်ဆောက်ရေးလုပ်ငန်းများနှင့် စက်တပ်ဆင်ရေးလုပ်ငန်းများအတွက်လည်းကောင်း Turnkey စနစ်ဖြင့်ဖြစ်စေ၊ Semi Turnkey စနစ်ဖြင့်ဖြစ်စေ ဆောက်လုပ်ရေးဝန်ဆောင်မှုများပေးနိုင်ရန် ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်တွင် ဦးစားပေးဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း တင်ပြအပ်ပါသည်။

## ဖွဲနုဆီစက်တည်ဆောက်ရေးလုပ်ငန်းများ

ပြည်တွင်းစားသုံးဆီဈေးကွက်တွင် ဖြန့်ဖြူးရောင်းချနိုင်ရေးအတွက်လည်းကောင်း၊ ပြည်ပမှတင်သွင်းနေရသော စားအုံးဆီတင်သွင်းမှုကို လျော့ချနိုင်ရေးအတွက်လည်ကောင်း စပါးမှဆန်ဖြူကြိတ်ခွဲရာမှ ထွက်ရှိလာသော ဖွဲနုများမှ စားသုံးနိုင်သော ဖွဲနုစားဆီထုတ်လုပ်ခြင်းလုပ်ငန်းကို အောက်ဖော်ပြပါနေရာများတွင် ဦးစားပေးအဆင့်အလိုက် အကောင်အထည်ဖော်လျက်ရှိရာ PMEMR အနေဖြင့် တည်ဆောက်ရေးလုပ်ငန်းများအား ကြီးကြပ်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။

| | | |
|---|---|---|
| (၁) စီမံကိန်း (၁) | နေပြည်တော် ဖွဲနုဆီနှင့် စားဆီထုတ်လုပ်ရေးစက်ရုံ | (က) တစ်နေ့ဖွဲနုကုန်ကြမ်း တန်(၂၀၀) မှဖွဲနုဆီကြမ်းထုတ်စက်ရုံ (၁)ရုံ<br>(ခ) တစ်နေ့ဆီကြမ်းတန်(၅၀)မှဆီချော ထုတ်လုပ်ရေးစက်ရုံ (၁)ရုံ |
| (၂) စီမံကိန်း (၂) | မြောင်းမြစက်ရုံ ဖွဲနုဆီထုတ်လုပ်ရေး | (က) တစ်နေ့ဖွဲနုကုန်ကြမ်းတန် (၂၀၀) မှဖွဲနုဆီကြမ်းထုတ်စက်ရုံ (၁)ရုံ<br>(ခ) တစ်နေ့ဆီကြမ်းတန်(၅၀)မှဆီချော ထုတ်လုပ်ရေးစက်ရုံ (၁)ရုံ |
| (၃) စီမံကိန်း (၃) | သာယာဝတီမြို့နယ် ပဲခူးတိုင်းဒေသကြီး | (က) တစ်နေ့ဖွဲနုကုန်ကြမ်း တန်(၂၀၀) မှဖွဲနုဆီကြမ်းထုတ်စက်ရုံ (၁)ရုံ |


ဆီကြမ်းထုတ်စက်ရုံ၏ အတွင်းတည်ဆောက်ပုံ

MAPCO
AGRIBUSINESS





နေပြည်တော် ဖွဲနဆီစက် ပန္နက်တင် မင်္ဂလာအခမ်းအနားကျင်းပခြင်း



ပထမဦးစားပေးအကောင်အထည်ဖော်နေသည့် နေပြည်တော်ဖွဲနဆီနှင့်စားဆီထုတ်လုပ်ရေးစက်ရုံအား ၂၀၂၄ခုနှစ်၊ ဇန်နဝါရီလတွင် အတည်ပြုမိန့် ရရှိပြီး၊ ၂၀၂၄ခုနှစ် ဖေဖော်ဝါရီလ (၇) ရက်နေ့တွင် ပြည်ထောင်စုဝန်ကြီးများ တက်ရောက် ချီးမြှင့်ပြီး ပန္နက်တင်မင်္ဂလာ အခမ်းအနားကျင်းပခဲ့ပါသည်။ ယခုအခါတွင် တည်ဆောက်ရေးလုပ်ငန်းများ စတင်နေပြီဖြစ်ပြီး၊ အိန္ဒိယနိုင်ငံ၊ ဟိုက်ဒရာဘတ်မြို့ရှိ ADITYA ENGINEER PVT LTD. မှ စက်ပစ္စည်းများကိုဝယ်ယူဆောင်ရွက်သွားမည် ဖြစ်ပါသည်။

ဒုတိယဦးစားပေး အကောင်ထည်ဖော်ဆောင်ရွက်မည့် MAPCO မှ နှစ်ရှည်ငှါးရမ်းထားသော မြောင်းမြဂုံနီစက်ရုံဧရိယာအတွင်းတွင် ဆီကြမ်းစက်ရုံနှင့် ဆီချောထုတ်စက်ရုံများကို တည်ဆောက်သွားမည်ဖြစ်ပြီး ပထမအဆင့် (Phase-I) အနေဖြင့် ဆီကြမ်းထုတ်စက်ရုံကို ဦးစွာတည်ဆောက်သွားမည်ဖြစ်ပြီး၊ ဧရာဝတီတိုင်းဒေသကြီးရင်းနှီးမြှုပ်နှံမှုကော်မတီမှ ၂၀၂၄ခုနှစ်၊ ဇွန်လတွင် အတည်ပြုမိန့်ရရှိ၍၊ တည်ဆောက်ရေးလုပ်ငန်းများ စတင်ဆောင်ရွက်နိုင်ရေး စီစဉ်ဆောင်ရွက်လျှက်ရှိပါသည်။






ဆီချောထုတ်စက်ရုံ၏ အတွင်းတည်ဆောက်ပုံ



နေပြည်တော်တွင်တည်ဆောက်မည့် ဆီကြမ်းထုတ်စက်ရုံနမူနာပုံစံ

# နေပြည်တော်တွင်တည်ဆောက်မည့် ဆီကြမ်းထုတ်စက်ရုံနမူနာပုံစံ

# RICE BRAN OIL- PHYSICAL REFINNING



MAPCO
AGRIBUSINESS

# (၁.၈)မဂ္ဂါဝပ် စပါးခွံလောင်စာသုံး လျှပ်စစ်ဓာတ်အား ထုတ်လုပ်ခြင်းလုပ်ငန်း

စပါးခွံလောင်စာသုံး လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးစက်ရုံကို မြောင်းမြစက်ရုံ ဆိပ်ကမ်းမြေလွတ်ဧရိယာ (၁.၇၆)ဧကတွင် Fujita Corporation မှ အစုရှယ်ယာ(၈၀)ရာခိုင်နှုန်းနှင့် MAPCO မှ အစုရှယ်ယာ(၂၀)ရာခိုင်နှုန်း ထည့်ဝင်၍ ပူးပေါင်းတည်ထောင်ထားသာ မြောင်းမြအက်(ဖ်)အမ်ဘိုင်အိုမက်(စ်)ပါဝါကုမ္ပဏီလီမိတက် (MMFM) မှ ရင်းနှီးမြှုပ်နှံမှုတန်ဖိုး အမေရိကန်ဒေါ်လာ(၃.၆)သန်း ရင်းနှီးမြှုပ်နှံ၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဌာန၏ ထောက်ခံတင်ပြမှု၊ ဧရာဝတီတိုင်းဒေသကြီးရင်းနှီးမြှုပ်နှံမှုကော်မတီ၏ခွင့်ပြုမိန့်ဖြင့် ၂၀၁၇ ခုနှစ်တွင် စီမံကိန်း စတင်ဆောင်ရွက်ခဲ့ရာ ၂၀၁၉ ခုနှစ်တွင် တည်ဆောက်ရေးလုပ်ငန်းများ (၁၀၀) ရာခိုင်နှုန်းပြီးစီး၍ စက်များစတင်လည် ပတ်နိုင်မည့်အခြေအနေသို့ ရောက်ရှိနေပြီဖြစ်ပါသည်။

နိုင်ငံတော်၏ ဓာတ်အားစနစ်ကွန်ယက်အတွင်းသို့ ပို့လွှတ်ရောင်းချနိုင်ရေးဆောင်ရွက်လျက်ရှိရာ လုပ်ငန်း ဆောင်ရွက်မှု(၉၀)ရာခိုင်နှုန်းပြီးစီး၍ Fujita Corporation ပိုင်ဆိုင်သောအစုရှယ်ယာ(၈၀)ရာခိုင်နှုန်းမှ (၇၀)ရာခိုင်နှုန်း အား MAPCO သို့ လွှဲပြောင်းရောင်းချရေးလုပ်ငန်းစဉ်များကို မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ လမ်းညွှန်ချက် များနှင့်အညီ ဆောင်ရွက်လျက်ရှိပြီး၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းနှင့် မြောင်းမြ အက်(ဖ်)အမ်ဘိုင်အိုမက်(စ်)ပါဝါကုမ္ပဏီလီမိတက်(MMFM)တို့ကြား လျှပ်စစ်ဓာတ်အားတစ်ယူနစ်လျှင်(၉၅)ကျပ်ဖြင့် လျှပ်စစ်ဓာတ်အားဝယ်ယူရေးသဘောတူစာချုပ် (PPA)ကို လက်မှတ်ရေးထိုးခဲ့ပါသည်။








# နယူးမြန်မာထုတ်လုပ်သူသမဝါယမအသင်းလီမိတက် (NEW Myanmar Society of Manufacturing Enterprises NEW MSME Co-op) အား ဖွဲ့စည်းဆောင်ရွက်မှု အခြေအနေများ








နယူးမြန်မာထုတ်လုပ်သူသမဝါယမအသင်းလီမိတက် (NEW Myanmar Society of Manufacturing Enterprises – NEW MSME Co-op)အား (၂၀.၉.၂၀၂၃) ရက်နေ့တွင် လမ်းမတော်မြို့နယ်၊ သမဝါယမဦးစီးဌာနတွင် မှတ်ပုံတင်အမှတ် ၃-၂၉၆၁/ကထ/ ရန်ကုန်တိုင်းဒေသကြီးဖြင့် ဖွဲ့စည်းမှတ်ပုံတင်ခဲ့ပါသည်။ အသင်းအား စားသောက်ကုန်၊ လူသုံးကုန်ပစ္စည်းများ ထုတ်လုပ်ရောင်းချသည့် MSME လုပ်ငန်းရှင်များ စုပေါင်း၍ ဖွဲ့စည်းတည်ထောင်ထားခြင်းဖြစ်ပါသည်။ MAPCO ၏ ဦးဆောင်မှုဖြင့် MSME လုပ်ငန်းရှင်များနှင့် လက်တွဲကာ MSME များအား အကူအညီအထောက်အပံ့ဖြစ်စေရန်၊ ပြည်တွင်းဖြစ် Made in Myanmar ထုတ်လုပ်မှုလုပ်ငန်းများကို အားပေးအားမြှောက်ပြုနိုင်စေရန်၊ MSME များ ဖွံ့ဖြိုးတိုးတက်စေရန်နှင့် သွင်းကုန်အစားထိုးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန် စသောရည်ရွယ်ချက်များဖြင့် ဖွဲ့စည်းတည်ထောင်ခဲ့ခြင်းဖြစ်ပါသည်။ အသင်းအား မိတ်ဆက်ပွဲနှင့် အဖွဲ့ဝင်သစ်များ ကြိုဆိုပွဲအား (၂၁.၆.၂၀၂၄) ရက်နေ့နှင့် (၂၂.၆.၂၀၂၄) ရက်နေ့များတွင် UMFCCI ၌ ကျင်းပခဲ့ပြီး အသင်းဝင်များ၏ SME ထုတ်ကုန်ပစ္စည်းများ ခင်းကျင်းပြသရောင်းချခဲ့ပါသည်။ ယခုအခါ အသင်းဝင်များ၏ ထုတ်ကုန်ပစ္စည်းများအား စုပေါင်းရောင်းချရန်အတွက် NEW Store အမည်ဖြင့် Convenience Store များ ဖွင့်လှစ်ရန် စီစဉ်ဆောင်ရွက်လျက်ရှိရာ မကြာမီတွင် ဆိုင်(၃)ဆိုင်ကို စမ်းချောင်းမြို့နယ်၊ သဃ်န်းကျွန်းမြို့နယ်နှင့် ကျောက်တံတားမြို့နယ်တို့တွင် ဆက်တိုက်ဖွင့်လှစ်ရန် စီစဉ်ဆောင်ရွက်နေပြီ ဖြစ်ပါသည်။







# ကန်ထရိုက်လယ်ယာလုပ်ငန်း (Contract Farming Project)

ကန်ထရိုက်လယ်ယာစီမံကိန်းကို စပါးစိုက်သည့်ရာသီ(နွေ၊ မိုး)အလိုက် တောင်သူများနှင့် ကုမ္ပဏီစာချုပ်ချုပ်ဆိုပြီး အကောင်အထည်ဖော်ဆောင်ရွက်ပါသည်။ ကုမ္ပဏီအစီအစဉ်ဖြင့် ဆောင်ရွက်ခြင်းနှင့် နိုင်ငံစီးပွားမြှင့်တင်ရေးရံပုံငွေအစီအစဉ်ဖြင့် ဆောင်ရွက်သော စီမံကိန်းတွင် ပါဝင်ဆောင်ရွက်ခြင်းတို့ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ပါသည်။ ၂၀၂၃-၂၀၂၄ ခုနှစ်တွင် မိုးစပါး ကန်ထရိုက်လယ်ယာစီမံကိန်းတွင် ဧက(၆၆၂၄)၊ နွေစပါး စီမံကိန်း ဧက(၇၈၈၇)ဆောင်ရွက်ခဲ့ပါသည်။

## ၂၀၂၃ ခုနှစ်၊ နိုင်ငံစီးပွားမြှင့်တင်ရေးရံပုံငွေအစီအစဉ်ဖြင့် မိုးစပါးစီမံကိန်း ဆောင်ရွက်ထားရှိမှုအခြေအနေ

| စဉ် | တိုင်းဒေသကြီး | မြို့နယ် | တောင်သူဦးရေ | အကျိုးတူဧက |
|---|---|---|---|---|
| ၁။ | ရန်ကုန် | ၆ | ၂၇၈ | ၃၁၅၇ |
| | | တွံတေး | | ၁၈၀ |
| | | ကော့မှူး | ၂၂ | ၂၀၄ |
| | | ကွမ်းခြံကုန်း | ၄၉ | ၄၁၁ |
| | | ဒလ | ၁၇ | ၁၀၄ |
| | | မှော်ဘီ | ၁၂၇ | ၁၁၄၅ |
| | | ခရမ်း | ၅၀ | ၁၁၁၃ |
| ၂။ | ဧရာဝတီ | ၂ | ၄၂၁ | ၂၄၅၅ |
| | | မြောင်းမြ | ၃၀၇ | ၂၀၃၅ |
| | | မအူပင် | ၁၁၄ | ၄၂၀ |
| ၃။ | နေပြည်တော်ကောင်စီ | နေပြည်တော် | ၂၇၉ | ၁၀၀၂ |
| စုစုပေါင်း | | | ၉၇၈ | ၆၆၂၄ |

## ၂၀၂၄ ခုနှစ်၊ နိုင်ငံစီးပွားမြှင့်တင်ရေးရံပုံငွေအစီအစဉ်ဖြင့် နွေစပါးစီမံကိန်း ဆောင်ရွက်ထားရှိမှုအခြေအနေ

| စဉ် | တိုင်းဒေသကြီး | မြို့နယ် | တောင်သူဦးရေ | အကျိုးတူဧက |
|---|---|---|---|---|
| ၁။ | ရန်ကုန် | ၅ | ၁၇၂ | ၂၁၃၇ |
| | | တွံတေး | ၄၉ | ၆၃၄ |
| | | ကော့မှူး | ၆ | ၁၂၀ |
| | | ကွမ်းခြံကုန်း | ၄၂ | ၄၉၆ |
| | | ဒလ | ၁၅ | ၂၂၀ |
| | | မှော်ဘီ | ၆၀ | ၆၆၇ |
| ၂။ | ဧရာဝတီ | ၂ | ၄၈၁ | ၃၈၂၅ |
| | | မြောင်းမြ | ၄၀၂ | ၃၂၄၀ |
| | | မအူပင် | ၇၉ | ၅၈၅ |
| ၃။ | နေပြည်တော်ကောင်စီ | နေပြည်တော် | ၄၁၅ | ၁၉၂၅ |
| စုစုပေါင်း | | | ၁၀၆၈ | ၇၈၈၇ |

## ၂၀၂၄ ခုနှစ်၊ နိုင်ငံစီးပွားမြှင့်တင်ရေးရံပုံငွေအစီအစဉ်ဖြင့် မိုးစပါးစီမံကိန်း လျာထားမှုအခြေအနေ

| စဉ် | တိုင်းဒေသကြီး | မြို့နယ် | တောင်သူဦးရေ | အကျိုးတူဧက |
|---|---|---|---|---|
| ၁။ | ရန်ကုန် | ၅ | ၂၆၀ | ၆၀၀၀ |
| | | တွံတေး | ၆၀ | ၁၀၀၀ |
| | | ကော့မှူး | ၄၅ | ၁၅၀၀ |
| | | ကွမ်းခြံကုန်း | ၇၅ | ၁၅၀၀ |
| | | ဒလ | ၃၀ | ၁၀၀၀ |
| | | မှော်ဘီ | ၅၀ | ၁၀၀၀ |
| ၂။ | ဧရာဝတီ | ၂ | ၅၀၁ | ၃၇၅၀ |
| | | မြောင်းမြ | ၃၇၆ | ၃၀၀၀ |
| | | မအူပင် | ၁၂၆ | ၇၅၀ |
| ၃။ | နေပြည်တော်ကောင်စီ | နေပြည်တော် | ၄၀၀ | ၃၅၀၀ |
| | စုစုပေါင်း | | ၁၁၆၁ | ၁၃၂၅၀ |

## ၂၀၂၄ ခုနှစ်၊ မိုးစပါးရာသီ CF ဆောင်ရွက်မည့် တိုက်ကြီးမြို့နယ်မှ တောင်သူများနှင့် တွေ့ဆုံစည်းရုံးခြင်း။








## ၂၀၂၄ ခုနှစ်၊ မိုးစပါးရာသီ CF ဆောင်ရွက်မည့် တွံတေးခရိုင်မှ တောင်သူများနှင့် တွေ့ဆုံစည်းရုံးခြင်း။





# ၂၀၂၄ ခုနှစ်၊ မိုးစပါးရာသီအတွက် မြေဩဇာဖြန့်ဖြူးပေးပို့မှုမှတ်တမ်း







## ဆီထွက်သီးနှံ ကန်ထရိုက်လယ်ယာစီမံကိန်း

နိုင်ငံတော်အစိုးရ၏ သွင်းကုန်အစားထိုး မူဝါဒနှင့်အညီ ပြည်တွင်းဆီထုတ်လုပ်နိုင်ရေးအတွက် ဆီထွက်သီးနှံ စိုက်ပျိုးထုတ်လုပ်မှုအပေါ် အကျိုးပြုနိုင်ရန်အတွက်လည်ကောင်း၊ ပြည်တွင်းစားသုံးဆီ လိုအပ်ချက်များကို တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုနိုင်ခြင်းကြောင့် နိုင်ငံတော်၏ စားနပ်ရိက္ခာဖူလုံမှုလုပ်ငန်းစဉ်များကိုပါ တစ်တပ်တအား အကျိုးပြုနိုင်စေရေးအတွက်လည်ကောင်း၊ MRBO Co.,Ltd. အတွက် လိုအပ်သောကုန်ကြမ်းများရရှိရေး ကြိုတင်ပြင်ဆင်ဆောင်ရွက်ခြင်းအတွက်လည်းကောင်း၊ ဆီထွက်သီးနှံစိုက်ပျိုးထုတ်လုပ်သည့် တောင်သူများအတွက် ခိုင်မာသော ဈေးကွက်ရရှိပြီး အကျိုးစီးပွားဖြစ်ထွန်းစေရန် ရည်ရွယ်၍ ဆီထွက်သီးနှံ ကန်ထရိုက်စီမံကိန်းကို ကုမ္ပဏီအစီအစဉ်ဖြင့် ဆောင်ရွက်ခြင်း၊ နိုင်ငံ့စီးပွားမြှင့်တင်ရေးရံပုံငွေဖြင့် ဆောင်ရွက်သော ဆီထွက်သီးနှံ ကန်ထရိုက်လယ်ယာစီမံကိန်းတွင် ပါဝင်ဆောင်ရွက်ခြင်းတို့ကို ၂၀၂၄ ခုနှစ်တွင် စတင်ခဲ့ပါသည်။

ဆီထွက်သီးနှံ စိုက်ပျိုးထုတ်လုပ်ရေးလုပ်ငန်းသည် ဓါတ်မြေဩဇာထည့်သွင်း အသုံးပြုခြင်းအပြင် သဘာဝမြေဩဇာများသုံးစွဲရန် လိုအပ်ခြင်းကြောင့် ဓါတ်မြေဩဇာတင်သွင်းဖြန့်ဖြူးသည့်လုပ်ငန်းများနှင့် သဘာဝမြေဩဇာထုတ်လုပ်ဖြန့်ဖြူးသည့်လုပ်ငန်းများအား အထောက်အကူဖြစ်စေသောကြောင့် တိုးချဲ့ဆောင်ရွက်သွားနိုင်မည်ဖြစ်ပါသည်။

### ၂၀၂၄ ခုနှစ်အတွင်း ဆီထွက်သီးနှံလုပ်ငန်းဆောင်ရွက်ထားရှိမှုအခြေအနေ

| စဉ် | တိုင်းဒေသကြီး/ပြည်နယ် | မြို့နယ် | ပဲပုပ် | | နေကြာ | | မြေပဲ | |
|---|---|---|---|---|---|---|---|---|
| | | | လျာထား (ဧက) | ဆောင်ရွက် (ဧက) | လျာထား (ဧက) | ဆောင်ရွက် (ဧက) | လျာထား (ဧက) | ဆောင်ရွက် (ဧက) |
| ၁။ | ရှမ်းပြည်နယ် | ရပ်စောက် | ၅၀ | ၅၄ | | | | |
| | | အင်တော | ၁၀၀ | ၁၀၀ | | | | |
| ၂။ | နေပြည်တော် | ပျဉ်းမနား | | | ၂၀၀ | ၂၀၀ | | |
| ၃။ | ရန်ကုန်တိုင်း | ရန်ကုန်တိုင်းစုစုပေါင်း | | | ၉၅၀ | ၉၅၀ | ၄၀၀ | ၃၅၃ |
| | | တွံတေး | | | ၃၀၀ | ၃၀၀ | | |
| | | ကော့မှူး | | | ၃၅၀ | ၃၅၀ | | |
| | | ဒလ | | | ၃၀၀ | ၃၀၀ | | |
| | | ခရမ်း | | | | | ၁၅၀ | ၁၂၈ |
| | | သုံးခွ | | | | | ၂၅၀ | ၂၂၅ |
| စုစုပေါင်း | | ၈ | ၁၅၀ | ၁၃၀ | ၁၁၅၀ | ၁၁၅၀ | ၄၀၀ | ၃၅၃ |

# သဘာဝမြေဩဇာထုတ်လုပ်ခြင်းလုပ်ငန်း

Myanmar Agribusiness Public Company Limited (MAPCO) သည် စိုက်ပျိုးမြေဆီလွှာများပျက်စီးခြင်းနှင့် ဓါတုပစ္စည်းများအသုံးပြုမှုလျော့ကျစေရေးအတွက် စပါးခွံ၊ နွားချေးနှင့် သဘာဝပတ်ဝန်းကျင်မှ စွန့်ပစ်ပစ္စည်းများတို့ကို အခြေခံပြီး သဘာဝမြေဩဇာထုတ်လုပ်ခြင်းလုပ်ငန်းအား ၂၀၂၁ ခုနှစ်၊ ဒီဇင်ဘာလမှစ၍ စမ်းသပ်ထုတ်လုပ်ခဲ့ပါသည်။ ထုတ်ကုန်ပစ္စည်းများမှာ My Nature အမှတ်တံဆိပ်ဖြင့် ထုတ်လုပ်ထားသော မြေဆီလွှာအားတိုးဆေး၊ အသီးတင်ဆေးရည်၊ ရွက်ဖျန်းမြေဩဇာအရည်၊ ပိုးသတ်ဆေးရည်နှင့် ဗင်နီကာဆေးရည်များအား ကနေဦးအနေဖြင့် စမ်းသပ်ထုတ်လုပ်လျက်ရှိပြီး ကုမ္ပဏီ၏ စိုက်ခင်းတွင်လည်းကောင်း၊ မိမိတို့ကုမ္ပဏီနှင့် အကျိုးတူကန်ထရိုက်လယ်ယာပူးပေါင်းဆောင်ရွက်သော ကျေးရွာများ၊ တောင်သူများအား လက်ဆောင်ပေးခြင်းတွင်လည်းကောင်း စမ်းသပ်အသုံးပြုစိုက်ပျိုးရန် ဖြန့်ဖြူးထားပြီး ဈေးကွက်ရရှိရေးနှင့် မိမိတို့၏ ထုတ်ကုန်များ အရည်အသွေးမြင့်မားလာစေရန် အချိန်နှင့်တပြေးညီ စမ်းသပ်မှုများပြုလုပ်ဆောင်ရွက်လျက်ရှိပါသည်။



## နွားမွေးမြူခြင်းလုပ်ငန်း

နွားမွေးမြူခြင်းလုပ်ငန်းကို MAPCO Group လက်အောက်ရှိ MGL မှ တာဝန်ယူဆောင်ရွက်ပြီး နေပြည်တော်၊ မအူပင်နှင့် မြောင်းမြစက်ရုံတို့တွင် နွားများအားစောင့်ရှောက်မွေးမြူလျက်ရှိပါသည်။ နွားမွေးမြူခြင်းလုပ်ငန်းကိုဆောင်ရွက်သည့် မိမိတို့ကုမ္ပဏီ၏ ရည်ရွယ်ချက်မှာ အသားထုတ်လုပ်ရန်နှင့် နို့အတွက် မွေးမြူခြင်းမဟုတ်ဘဲ နွား မွေးမြူရေးမှ ရှိလာသည့် စွန့်ပစ်ပစ္စည်းများကို သဘာဝမြေဩဇာလုပ်ငန်းနှင့် စိုက်ပျိုးရေးလုပ်ငန်းများတွင် အထောက်အကူဖြစ်စေရန်အတွက် မွေးမြူဆောင်ရွက်ထားခြင်းဖြစ်ပါသည်။ ထို့အပြင် အခြားသော နွားမွေးမြူထားရှိသော လုပ်ငန်းများ/တောင်သူများအနေဖြင့်လည်း အဆိုပါ အခြားမွေးမြူထားသော နွားများအားလည်း မိမိတို့ကုမ္ပဏီတွင်ဆောင်ရွက်နေသော နွားမွေးမြူရေးခြံများတွင် စိတ်ချစွာအပ်နှံထားရှိနိုင်ရန် ကောင်းမွန်သော နွားဂေဟာတစ်ခုအဖြစ်လည်း ရည်ရွယ်ထားရှိပါသည်။ နွားများအား စနစ်တကျ အစာကျွေးမွေးခြင်းနှင့် ကျန်းမာရေးစောင့်ရှောက်မှုများကို ဂရုတစိုက်ဆောင်ရွက်လျက်ရှိပါသည်။ နွားများမှရရှိသော အညစ်အကြေးများအား စုဆောင်းထားရှိပြီး နိုင်ငံတော်၏ စိုက်ပျိုးရေးအတွက် လိုအပ်သော သဘာဝမြေဩဇာထုတ်လုပ်မှုလုပ်ငန်းတွင် ထည့်သွင်းအသုံးပြုလျက်ရှိပါသည်။ ဤလုပ်ငန်းကို ကျွမ်းကျင်ဝန်ထမ်းများဖြင့် လုပ်ငန်းဆောင်ရွက်လျက်ရှိပါသည်။





MAPCO AGRIBUSINESS

## တွံတေး စီမံကိန်းတွင် မိုး/နွေစပါး စိုက်ပျိုးခြင်း၊ သစ်ပင်စိုက်ပျိုးခြင်းနှင့် တောင်သူများနှင့် တွေ့ဆုံဆွေးနွေးခြင်း







(၁၈.၇.၂၀၂၃)ရက်နေ့တွင် တွံတေး Project ၌ မိုးစပါး၊ နွေစပါး ဧက(၁၀၀)စိုက်ပျိုးခြင်း၊ မိုးရာသီသစ်ပင် စိုက်ပျိုးခြင်းနှင့် တောင်သူများ၏ လိုအပ်ချက်များ၊ အကြံပြုချက်များအား တွေ့ဆုံဆွေးနွေးခြင်းတို့ကို ရုံးချုပ်နှင့် တွံတေးစီမံကိန်းမှ ဝန်ထမ်းများ၊ မိသားစုများအားလုံးပူးပေါင်းပါဝင်ဆောင်ရွက်ခဲ့ကြပါသည်။

## တွံတေး (IRCP) စီမံကိန်းရှိ ၃၃/၁၁ကေဗွီ၊ ၅ အမ်ဗွီအေဓာတ်အားခွဲရုံမှ ၁၁/၀.၄ကေဗွီ၊ ၂ အမ်ဗွီအေဓာတ်အားခွဲရုံသို့ ဓာတ်အားစတင်ပို့လွှတ်ခြင်း

တွံတေး(IRCP)စီမံကိန်းရှိ ၃၃/၁၁ ကေဗွီ၊ ၅ အမ်ဗွီအေဓာတ်အားခွဲရုံမှတဆင့်ဆန်စက်နှင့်စပါးအခြောက်ခံစက်သို့ သွယ်တန်းထားသော ၁၁/၀.၄ကေဗွီ၊ ၂ အမ်ဗွီအေဓာတ်အားခွဲရုံသို့ ဓာတ်အားစတင်ပို့လွှတ်ခြင်းကို (၂၂. ၃. ၂၀၂၄) ရက်နေ့(၂:၂၃)နာရီတွင် စတင်ပို့လွှတ်ခဲ့ပြီး၊ ခရိုင် (YESC)၊ မြို့နယ် (YESC)၊ Khin Maung Nyunt Trading Co., Ltd နှင့် Myanmar Agribusiness Public Co., Ltd. မှ တာဝန်ရှိသူများမှ ပူးပေါင်းဆောင်ရွက်ခဲ့ကြပြီး၊ Khin Maung Nyunt Trading Co., Ltd. မှ Myan mar Agribusiness Public Co., Ltd. သို့ ဓာတ်အား ခွဲရုံဆိုင်ရာ အချက်အလက်များလွှဲပြောင်းအပ်နှံခြင်း လုပ်ငန်းများဆောင်ရွက်ခဲ့ကြောင်း တင်ပြအပ်ပါသည်။



## အခြေခံစိုက်ပျိုးရေး နည်းပညာဆိုင်ရာသင်တန်းပေးခြင်း

(၁.၄.၂၀၂၄) ရက်နေ့တွင် မြောင်းမြစက်ရုံတွင် အခြေခံစိုက်ပျိုးရေး နည်းပညာဆိုင်ရာ သင်တန်းအား ရုံးချုပ်၊ တွံတေး Project နှင့် တိုက်ကြီး Project တို့မှ ဝန်ထမ်းအသစ်များနှင့် အလုပ်သင်ဝန်ထမ်း (၉)ဦးအား စေလွှတ်၍ သင်ကြားတက်ရောက်စေခဲ့ပါသည်။



# နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ ဆရာတော်ကြီးများအား ဆွမ်းဆက်ကပ်လှူဒါန်းခြင်း

၂၀၂၄ ခုနှစ် ၊ မတ်လ (၈) ရက်နေ့တွင် မြန်မာနိုင်ငံလယ်ယာစီးပွားရေးအများပိုင် ကုမ္ပဏီလီမိတက် (MAPCO) ၏ အုပ်ချုပ်မှုဒါရိုက်တာနှင့် ဒါရိုက်တာများ ဝန်ထမ်းမိသားစုများမှ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ ဆရာတော်ကြီးများနှင့် ကြွရောက်လာကြသော သံဃာတော် အပါး(၃၀၀)တို့အား တစ်ရက်တာ ဆွမ်းဆက်ကပ်လှူဒါန်းခဲ့ပါသည်။ စုစုပေါင်းအလှူငွေ (၅၄)သိန်းအား ရန်ကုန်တိုင်းဒေသကြီး၊ သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေ (၃)ထပ် ဆွမ်းစားဆောင်သို့ လှူဒါန်း၍ သာသနာရေးဆိုင်ရာကိစ္စရပ်များတွင် ပါဝင်ဆောင်ရွက်ခဲ့ပါကြောင်း ဖော်ပြအပ်ပါသည်။






## နှစ်သစ်ကူးပရိတ်တရားနာကြားခြင်း(ရန်ကုန်ရုံးချုပ်)

၁၃၈၆ ခုနှစ်၊ နှစ်သစ်ကူးအခါသမယ(၂၁.၄.၂၀၂၄) ရက်နေ့တွင် လမ်းမတော်မြို့နယ်၊ သရက်တောကျောင်းတိုက်မှ ပင့်သံဃာ(၅)ပါးဖြင့် အန္တရာယ်ကင်းပရိတ်တရားတော် နာကြားခြင်းအား MAPCO (ရုံးချုပ်) ၌ ပြုလုပ်ခဲ့ပါသည်။




## နှစ်သစ်ကူးပရိတ်တရားနာကြားခြင်း (နေပြည်တော်ဆန်စက်)



၁၃၈၆ ခုနှစ်၊ နှစ်သစ်ကူးအခါသမယ (၂၁.၄.၂၀၂၄) ရက်နေ့တွင် ပျဉ်းမနားမြို့နယ်ရှိ မယ်ဇလီကုန်းကျောင်းတိုက်၊ အလျှင်လိုကျောင်းတိုက်၊ ဂုံမင်းအင်းကျောင်းတိုက်နှင့် ရှားတောကျောင်းတိုက်တို့မှ ပင့်သံဃာ(၅)ပါးဖြင့် အန္တရာယ်ကင်း ပရိတ်တရားတော် နာကြားခြင်းအား MAPCO (နေပြည်တော်) ၌ ပြုလုပ်ခဲ့ပါသည်။

## နှစ်သစ်ကူးပရိတ်တရားနာကြားခြင်း (မြောင်းမြဆန်စက်)



၁၃၈၆ ခုနှစ်၊ နှစ်သစ်ကူးအခါသမယ (၂၁.၄.၂၀၂၄)ရက်နေ့တွင် မုဆိုးကွင်းကျေးရွာအုပ်စု၊ မြောင်းမြမြို့နယ်ရှိ ရွှေဂေါ်ါ အရှင်ဝေပုလ္လကျောင်းတိုက်မှ ပင့်သံဃာ (၅)ပါးဖြင့် အန္တရာယ်ကင်း ပရိတ်တရားတော်နာကြားခြင်းအား MAPCO (မြောင်းမြဆန်စက်) ၌ ပြုလုပ်ခဲ့ပါသည်။

## နှစ်သစ်ကူးပရိတ်တရားနာကြားခြင်း (မအူပင်ဆန်စက်)



၁၃၈၆ခုနှစ်၊ နှစ်သစ်ကူးအခါသမယ(၂၁.၄.၂၀၂၄) ရက်နေ့တွင် မရမ်းကွေ့ကျေးရွာအုပ်စု၊ မအူပင်မြို့နယ်ရှိ မရမ်းတိုက်ကျောင်းမှ ပင့်သံဃာ(၅)ပါးဖြင့် အန္တရာယ်ကင်း ပရိတ်တရားတော် နာကြားခြင်းအား MAPCO(မအူပင်ဆန်စက်) ၌ ပြုလုပ်ခဲ့ပါသည်။

## နှစ်သစ်ကူးပရိတ်တရားနာကြားခြင်း (တွံတေးဆန်စက်)



၁၃၈၆ ခုနှစ်၊ နှစ်သစ်ကူးအခါသမယ (၂၁.၄.၂၀၂၄) ရက်နေ့တွင် တွံတေးမြို့နယ်၊ ကန်ဘဲ့စံပြကျေးရွာရှိ ဓမ္မသူရိယကုန်းပေါ်ကျောင်းတိုက်မှ ပင့်သံဃာ(၅)ပါးဖြင့် အန္တရာယ်ကင်း ပရိတ်တရားတော် နာကြားခြင်းအား MAPCO (တွံတေးဆန်စက်) ၌ ပြုလုပ်ခဲ့ပါသည်။

## နှစ်သစ်ကူးပရိတ်တရားနာကြားခြင်း(တိုက်ကြီးဆန်စက်)

၁၃၈၆ခုနှစ်၊ နှစ်သစ်ကူးအခါသမယ(၂၁.၄.၂၀ ၂၄) ရက်နေ့တွင် တိုက်ကြီးမြို့နယ်၊ ရင်းတိုက်ကွင်းကျေးရွာရှိ ဝိဇ္ဇတာရုံကျောင်းတိုက် မှ ပင့်သံဃာ(၅)ပါးဖြင့် အန္တရာယ်ကင်း ပရိတ်တရားတော် နာကြားခြင်းအား MAPCO (တိုက်ကြီး) ၌ ပြုလုပ်ခဲ့ပါသည်။



# သုခိတာရာမ(ယဉ်ငေး)ကျောင်းတိုက်သို့ ဆန်နှင့်ဆီလှူဒါန်းခြင်း

၂၀၂၃ ခုနှစ်၊ ဇူလိုင်လ၊ ၂၁ ရက်နေ့တွင် ကုန်းတလဘောင်ကျေးရွာ၊ မင်္ဂလာဒုံမြို့နယ်ရှိ သုခိတာရာမ(ယဉ်ငေး) ကျောင်းတိုက်သို့ ဆန်(၂၄)ပြည် အိတ်(၉)အိတ်နှင့် ဆီ(၃)ပိဿာ(၅)ပုံးတို့အား သွားရောက်လှူဒါန်းခဲ့ပါသည်။





# ဝါးတန်းကုန်စည်ဒိုင် စုပေါင်းဝါဆို သင်္ကန်းကပ်လှူပွဲတွင် လှူဒါန်းခြင်း

၂၀၂၃ ခုနှစ်၊ ဩဂုတ်လ၊ ၁၆ ရက်နေ့တွင် ဝါးတန်းကုန်စည်ဒိုင်မှ ပြုလုပ်လှူဒါန်းသော (၁၉)ကြိမ်မြောက် စုပေါင်းဝါဆိုသင်္ကန်းကပ်လှူပွဲသို့ MAPCO အနေဖြင့် အလှူငွေ(၅)သိန်း ထည့်ဝင်လှူဒါန်းခဲ့ပါသည်။

# ဆိပ်ကမ်းအာဏာပိုင်ရုံး ဘုံကထိန်သို့ ပဒေသာပင် လှူဒါန်းခြင်း

၂၀၂၃ ခုနှစ်၊ နိုဝင်ဘာလ၊ ၂၄ ရက်နေ့တွင် ဆိပ်ကမ်းအာဏာပိုင်ရုံးမှ ပြုလုပ်လှူဒါန်းသော ဘုံကထိန်ပွဲသို့ MAPCO အနေဖြင့် ပဒေသာပင် (၂၅) သိန်း ထည့်ဝင်လှူဒါန်းခဲ့ပါသည်။

# မြောင်းမြစက်ရုံမှ မဟာဘုံကထိန် အတွက် ပဒေသာပင်လှူဒါန်းခြင်း



၂၀၂၃ ခုနှစ်၊ နိုဝင်ဘာလ(၂၇)ရက်နေ့တွင် မြောင်းမြမြို့နယ်၊ မြစိမ်းရောင်တောင်ပေါ်ကျောင်းတိုက်၏ စုပေါင်းမဟာဘုံကထိန်ပွဲသို့ မြောင်းမြစက်ရုံအနေဖြင့် ပဒေသာပင်(၁၀)သိန်းနှင့် ပစ္စည်းတန်ဖိုး(၁၂၅,၀၀၀/-) ကျပ်ထည့်ဝင်လှူဒါန်းခဲ့ပါသည်။

# ဝါးတန်းကုန်စည်ဒိုင် ဘုံကထိန်သို့ ပဒေသာပင်လှူဒါန်းခြင်း

၂၀၂၃ ခုနှစ်၊ နိုဝင်ဘာလ (၁၆) ရက်နေ့တွင် ဝါးတန်းကုန်စည်ဒိုင်မှ ပြုလုပ်လှူဒါန်းသော (၁၉)ကြိမ်မြောက် စုပေါင်းမဟာဘုံကထိန်ပွဲသို့ MAPCO အနေဖြင့် ပဒေသာပင် (၂၅) သိန်း ထည့်ဝင်လှူဒါန်းခဲ့ပါသည်။



MAPCO AGRIBUSINESS

## ဝန်ထမ်းသက်သာချောင်ချိရေးအတွက် ဆန်ပေးဝေခြင်း(ရုံးချုပ်)







## တွံတေးစီမံကိန်း၊ ဥစားဘဲ မွေးမြူရေး လုပ်ငန်းမှ ဘဲဥများအား ဝန်ထမ်းများသို့ သက်သာသော ဈေးနှုန်းများဖြင့် ရောင်းချပေးခြင်း

ဝန်ထမ်းသက်သာချောင်ချိရေး၊ ဥစားဘဲမွေးမြူရေးလုပ်ငန်းမှ ဘဲဥများအား(၁၆.၃.၂၀၂၄)ရက်နေ့မှစတင်၍ အပတ်စဉ် ဝန်ထမ်းများသို့ သက်သာသော ဈေးနှုန်းများဖြင့် ရောင်းချပေးခြင်း၊ ဝန်ထမ်းများ နေ့လည်စာကျွေးမွေးရာတွင် ထည့်သွင်းချက်ပြုတ် ကျွေးမွေးခြင်းတို့အား ဝန်ထမ်းများ သက်သာချောင်ချိစေရေးအတွက် ရည်ရွယ်ပြီး ဆောင်ရွက်လျက်ကြောင်း ဖော်ပြအပ်ပါသည်။







## ဝန်ထမ်းထောက်ပံ့ကြေးငွေပေးအပ်ခြင်း(Employee Welfare)

၂၀၂၃ ခုနှစ်၊ ဇူလိုင်လမှ ၂၀၂၄ ခုနှစ်၊ ဇူလိုင်လအထိ ဝန်ထမ်းများ၏ လုပ်သက်သတ်မှတ်ချက်အလိုက် သာရေး၊ နာရေးနှင့် ထောက်ပံ့ငွေများ ပေးအပ်ခဲ့မှုအခြေအနေမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

| စဉ် | ထောက်ပံ့မှုအမျိုးအစား | ဝန်ထမ်းဦးရေ | စုစုပေါင်းထောက်ပံ့ငွေပမာဏ |
|---|---|---|---|
| ၁ | မီးဖွားခြင်း | ၈ | ၁,၅၀၀,၀၀၀/- |
| ၂ | နာရေးကူညီခြင်း | ၁၉ | ၂,၅၀၀,၀၀၀/- |
| ၄ | ပင်စင်ထောက်ပံ့ခြင်း | ၇ | ၇,၂၂၀,၀၀၀/- |
| | စုစုပေါင်း | | ၁၁,၂၂၀,၀၀၀/- |

# ဝန်ထမ်းများသက်သာချောင်ချိစေရေးအတွက် ရုံးချုပ်နှင့် ရုံးခွဲများတွင် နေ့လည်စာကျွေးမွေးခြင်းအစီစဉ်အား စတင်ခြင်း

MAPCO ၏ ဝန်ထမ်းများအား သက်သာချောင်ချိစေရန် ရည်ရွယ်၍ ရုံးချုပ်၊ နေပြည်တော်၊ မြောင်းမြစက်ရုံ၊ မအူပင်စက်ရုံတို့တွင် နေ့လည်စာ ချက်ပြုတ်ကျွေးမွေးခြင်းအား အစားအသောက် ကျွေးမွေးရေးမှုဝါဒနှင့်အညီ ဆောင်ရွက်ခဲ့ပါသည်။



ရန်ကုန်ရုံးချုပ်၊ နေပြည်တော်၊ မြောင်းမြစက်ရုံ နှင့် မအူပင်စက်ရုံတို့တွင် နေ့လည်စာ ချက်ပြုတ်ကျွေးမွေးခြင်း

# လူ့စွမ်းအားအရင်းအမြစ်ဆိုင်ရာ အခြေအနေ အစီရင်ခံတင်ပြခြင်း


မြန်မာနိုင်ငံလယ်ယာစီးပွားရေးအများပိုင်ကုမ္ပဏီလီမိတက်သည် ရုံးချုပ်နှင့် ရုံးခွဲ/လုပ်ငန်းခွဲများ ဖွင့်လှစ်လျက်ရှိပြီး ၂၀၂၄ ခုနှစ်၊ ဇူလိုင်လအထိ ဝန်ထမ်းအင်အား (၄၁၅)ဦး ရှိပါသည်။ MAPCO အနေဖြင့် အရည်အချင်းပြည့်ဝသည့် ဝန်ထမ်းများရှာဖွေခန့်ထားသကဲ့သို့ တစ်ဖက်တွင်လည်း ဝန်ထမ်းများ၏ စွမ်းဆောင်ရည်များတိုးတက်လာစေရန်ရည်ရွယ်ပြီး ရုံးတွင်းသင်တန်းများ၊ ပြင်ပသင်တန်းများ၊ ဆွေးနွေးမှုများကို တက်ရောက်စေခြင်းများ ဆောင်ရွက်ပေးခဲ့ပါသည်။

MAPCO ရုံးချုပ် လူ့စွမ်းအားအရင်းအမြစ်ဌာနသည် ချမှတ်ထားသည့် မူဝါဒများအား အောင်မြင်အောင်ဆောင်ရွက်နိုင်ရန်အတွက် ဌာနများ/လုပ်ငန်းခွဲများမှ လိုအပ်သည့် ဝန်ထမ်းနေရာများအား အချိန်မီခန့်ထားနိုင်ရေး၊ လိုအပ်သည့် ရာထူးနေရာများအတွက် သတ်မှတ်ထားသည့် အရည်အချင်းနှင့်ကိုက်ညီသည့်ဝန်ထမ်းများကို ခန့်ထားနိုင်ရေးအတွက် သက်ဆိုင်ရာဌာနအကြီးအကဲများနှင့် ပူးပေါင်း၍ ခန့်ထားပေးခဲ့ပါသည်။ ၂၀၂၄ ခုနှစ်၊ ဇူလိုင်လအထိ ခန့်ထားခဲ့သည့် ဝန်ထမ်းအင်အားကို အောက်ပါအတိုင်း ဖော်ပြအပ်ပါသည်။

| စဉ် | လုပ်ငန်းအမည် | ဝန်ထမ်းအရေအတွက် |
|---|---|---|
| ၁။ | အကြံ့ပေး | ၂ |
| ၂။ | MRBO | ၁၅ |
| ၃။ | ရုံးချုပ် | ၁၁၂ |
| ၄။ | လှိုင်သာယာဆန်စက် | ၁၃ |
| ၅။ | တွံတေး project | ၂၂ |
| ၆။ | တိုက်ကြီး project | ၁၉ |
| ၇။ | နေပြည်တော် | ၅၆ |
| ၈။ | မြောင်းမြ | ၁၃၀ |
| ၉။ | မအူပင် | ၄၀ |
| ၁၀။ | MAPCO Golden Lace | ၆ |
| | စုစုပေါင်း | ၄၁၅ |

MAPCOသည် ကျား/မ၊ လူမျိုး၊ ကိုးကွယ်သည့်ဘာသာများအပေါ် အခြေမခံဘဲ လူတစ်ဦးချင်းစီ၏ အရည်အချင်းပေါ်တွင်သာ ဦးစားပေးရွေးချယ်သည့် ဝန်ထမ်းခန့်ထားသည့် မူဝါဒကို ကျင့်သုံးဆောင်ရွက်လျက်ရှိပါသည်။ အလုပ်အကိုင်အခွင့်အလမ်းတွင်သာမက ရာထူးတိုးမြှင့်ခြင်း၊ လစာတိုးမြှင့်ခြင်းတို့တွင်လည်း ခွဲခြားခြင်းမရှိဘဲ တူညီသည့်အခွင့်အရေးဖြင့်သာ ဆောင်ရွက်လျက်ရှိပါသည်။ ဝန်ထမ်းဦးရေ Gender Ratio နှင့် အသက်အရွယ်အလိုက် ဖော်ပြအပ်ပါသည်။

| | Age (20 ~ 35) | Age (36~50) | Age (Above 50) |
|---|---|---|---|
| Noof Employee | 126 | 173 | 116 |



# Yangon Stock Exchange (YSX) ၏ Pre listing Board တွင် စာရင်းဝင်ရန် ဆောင်ရွက်မှု

Yangon Stock Exchange (YSX) ကို ၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလတွင် Daiwa Securities Group၊ Japan Exchange Group နှင့် Myanma Economic Bank တို့ Joint Venture အဖြစ်ဖွင့်လှစ်ခဲ့ပါသည်။ YSX တွင် Listed Company (Main Board) နှင့် Registered Company (Pre-Listing Board- PLB) ဟူ၍ (၂)မျိုးရှိပါသည်။ PLB market သည် YSX သို့ စာရင်းဝင်ကုမ္ပဏီအဖြစ် မဝင်ရောက်နိုင်သေးသော အများပိုင် (PLC) ကုမ္ပဏီများအတွက် ကုမ္ပဏီဘဏ္ဍာ ငွေတိုးပွားစေရန်နှင့် YSX တွင် Listed ကုမ္ပဏီအဖြစ် အဆင်ပြေချောမွေ့စွာ စာရင်းဝင်ကုမ္ပဏီဖြစ်စေနိုင်ရေးအတွက် အခွင့်အရေးတစ်ရပ်အနေဖြင့် ဖွင့်လှစ်ပေးသော ဈေးကွက်အသစ်ဖြစ်ပါသည်။ (PLB is a new market of YSX)

အများပိုင်ကုမ္ပဏီ (PLC) များ  Yangon Stock Exchange (YSX) ဈေးကွက်တွင်းသို့ စာရင်းဝင်ကုမ္ပဏီအဖြစ် ဝင်ရောက်လုပ်ကိုင်ခြင်းဖြင့် မြန်မာနိုင်ငံ၏ ငွေကြေးဈေးကွက်(စတော့အိတ်ချိန်း)လည်း လျင်မြန်စွာ ဖွံ့ဖြိုးလာမည်ဖြစ်သည်။ ရန်ကုန်စတော့အိတ်ချိန်း ငွေကြေးဈေးကွက် ဖွံ့ဖြိုးလာသည်နှင့်အမျှ ရေမြင့် ကြာတင့်သကဲ့သို့ နိုင်ငံတော်၏ စီးပွားရေးတိုးတက်မှု(economic growth)နှုန်းလည်း မြင့်မားလာမည်ဖြစ်ပါသည်။(Stock Exchange Development is extremely important for economic development)

အထက်ဖော်ပြပါ ရည်ရွယ်မျှော်မှန်းချက်များဖြင့် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းကြီးကြပ်ရေးကော်မရှင် (Securities Exchange Commission – SECM)၊ Yangon Stock Exchange (YSX)တို့၏ စီစဉ်ခွင့်ပြုချက်ဖြင့် PLC ကုမ္ပဏီများသည် ရန်ကုန်စတော့အိတ်ချိန်း ငွေကြေးဈေးကွက်သို့ PLB မှတဆင့် စာရင်းဝင်ကုမ္ပဏီအဖြစ် လျင်မြန်စွာ ဝင်ရောက်လုပ်ကိုင်နိုင်ကြတော့မည်ဖြစ်ပါသည်။

MAPCO သည် ကုမ္ပဏီဖွံ့ဖြိုးတိုးတက်ရေးနှင့် အစုရှယ်ယာရှင်များ၏ အကျိုးစီးပွားအတွက် နိုင်ငံတော်အစိုးရမှ စီစဉ်ခွင့်ပြုပေးအပ်လာသော အခွင့်အရေးကို အမိအရဆုပ်ကိုင်လျက် ကုမ္ပဏီ၏ Advisor အဖြစ် UAB Securities Limited နှင့် ပူးပေါင်း၍ Pre-Listing Board တွင် စာရင်းဝင်ကုမ္ပဏီဖြစ်ရေးအတွက် လုပ်ငန်းစဉ်များ ချမှတ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ သင့်လျော်သည့်အချိန်တွင် PLB ၌ မှတ်ပုံတင်၍ ပါဝင်ဆောင်ရွက်နိုင်ရန် လုပ်ဆောင်ရေးပြင်ဆင်ဆောင်ရွက်ထားပါကြောင်း အစီရင်ခံတင်ပြအပ်ပါသည်။

## ISO 9001-2015 (QMS) စနစ်လိုက်နာကျင့်သုံးဆောင်ရွက်ခြင်း

MAPCO သည် ၂၀၁၄ ခုနှစ်မှစ၍ ISO 9001 -2008 (QMS) စနစ်ကိုစတင်ကျင့်သုံးလိုက်နာခဲ့ပါသည်။ ISO စနစ်သည် ယင်း၏စံနှုန်းများကို ၅ နှစ်လျှင်တစ်ကြိမ် ပြန်လည်စိစစ်ပြင်ဆင်ပါသည်။ လက်ရှိအချိန်တွင် MAPCO သည် New Version ဖြစ်သော ISO 9001-2015 (QMS) စနစ်ကိုပြောင်းလဲကျင့်သုံးလျက်ရှိပါသည်။ ISO စနစ်ကျင့်သုံးခြင်းဖြင့် လုပ်ငန်းအဖွဲ့အစည်းအတွင်း ကုမ္ပဏီဖွဲ့စည်းပုံ၊ လုပ်ငန်းစဉ်၊ တာဝန်ယူမှု တာဝန်ခံမှုများကို ရှင်းလင်းစွာ သတ်မှတ်ကျင့်သုံးလျက်ရှိပါသည်။  တွေ့ရှိသော အားနည်းချက်၊ အားသာချက်များပေါ် ပိုမိုကောင်းမွန်သည့် လမ်းညွှန်ချက်များနှင့် အထောက်အပံ့များပေးနိုင်ခြင်းဖြင့် ကုမ္ပဏီ၏ ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုအရည်အသွေးကို ပိုမိုကောင်းမွန်တိုးတက်အောင်ဆောင်ရွက်လျက်ရှိပါသည်။

ကုမ္ပဏီ၏ စီမံခန့်ခွဲမှု၊ ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုလုပ်ငန်းစဉ်အတွင်း ဖြစ်ပေါ်လာနိုင်သည့် အခက်အခဲများ (Risk Factors) များနှင့် ကုမ္ပဏီ၏ (Interested Parties) များဖြစ်ကြသော စီးပွားရေးလုပ်ငန်းများနှင့် ပတ်သက်ဆက်နွယ်ဆောင်ရွက်လျက်ရှိသည့် ရင်းနှီးမြှုပ်နှံသူများ၊ လူပုဂ္ဂိုလ်အဖွဲ့အစည်းများ၊ ဝန်ထမ်းများ၊ ကန်ထရိုက်တာများ၊ Customer များ၊ Clients စသည့်အဖွဲ့အစည်းများ၊ ကုမ္ပဏီနှင့် လုပ်ထုံးလုပ်နည်းဥပဒေကြောင်းအရ ဆက်နွယ်ပတ် သက်သော Regulatory အဖွဲ့အစည်းများ စသည့် Stakeholder  များ၏ လိုအပ်ချက်များ၊ ကုမ္ပဏီ၏ ရှေ့ဆက်

လက်ဆောင်ရွက်လုပ်ကိုင်မည့်အစီအစဉ်များအပေါ် ပိုမိုကောင်းမွန်သော မျှော်လင့်ချက်များ၊ အောင်မြင်တိုးတက်မှုများ ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်စေရန် အလို့ငှာ ISO QMS နှင့်အညီ စီမံခန့်ခွဲဆောင်ရွက်လျက်ရှိကြောင်း တင်ပြအစီရင်ခံအပ်ပါသည်။

MAPCO ၏ Internal /External Audit Team အနေဖြင့် ကုမ္ပဏီတိုးတက်ကောင်းမွန်အောင် အကောင်အထည်ဖော်ဆောင်ရွက်မှုများတွင် လစ်ဟာမှုမရှိစေရန် စိစစ်အကဲဖြတ်ဆောင်ရွက်လျက်ရှိကြောင်း တင်ပြအပ်ပါသည်။

## ဂြိုလ်တု(Satellite) မှ စိုက်ပျိုးရေးလုပ်ငန်းအဆင့်ဆင့် ဖြစ်ပေါ်ပြောင်းလဲမှုကို ကြည့်ရှုအကဲဖြတ်ခြင်း စီမံကိန်းစတင်စမ်းသပ်ဆောင်ရွက်ခြင်း

လယ်ယာစိုက်ပျိုးရေးလုပ်ငန်းများကို လုပ်ကိုင်ဆောင်ရွက်ရာ၌ နိုင်ငံတကာတွင်ဆောင်ရွက်နေသည့် ခေတ်မီနည်းပညာများ၊ ဒီဂျစ်တယ်နည်းစနစ်များ၊ ဂြိုလ်တု(Satellite)နည်းပညာနှင့် ကောင်းကင်မှ ကြည့်ရှုအကဲဖြတ်မှုများ၊ AI နည်းပညာနှင့် IoT အခြေခံဖြစ်ပေါ်ပြောင်းလဲမှုများကို မြန်မာနိုင်ငံတွင် ကျင့်သုံးဆောင်ရွက်ခြင်းဖြင့် မြန်မာ့လယ်ယာကဏ္ဍနှင့် စားနပ်ရိက္ခာ ထုတ်လုပ်မှု ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးကို အကျိုးပြုနိုင်စေရန်  MAPCO အနေဖြင့် တတ်နိုင်သမျှ ကြိုးစားလုပ်ဆောင်လျက်ရှိပါသည်။

လယ်ယာစိုက်ပျိုးရေးကို လက်တွေ့ထိရောက်စွာပံ့ပိုးပေးနိုင်ရန် ရည်ရွယ်ကာ MAPCO သည် ဂျပန်နိုင်ငံမှ အဖွဲ့အစည်းတချို့နှင့်ပူးပေါင်း၍ Satellite မှမြင်ရသည့် ပုံရိပ်ကို ဖမ်းယူကာ ကြိုတင်ခန့်မှန်းနိုင်သည့် နည်းပညာကို မြေပြင်မှအချက်အလက်နှင့် မှန်ကန်မှု ရှိ/ မရှိသိရှိနိုင်စေရန် လက်တွေ့စစ်တမ်းကောက်ခံသည့် သုတေသန စီမံကိန်းတစ်ရပ်ကို ဖော်ဆောင်လျက်ရှိပါသည်။ သုတေသနဆောင်ရွက်ရန် MAPCO ၊ Nippon Koei Co.,Ltd ၊ Remote Sensing Technology Center of Japan (RESTEC) နှင့် Myanmar Koei International Ltd (MKI) တို့ ပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း တင်ပြအပ်ပါသည်။

ကနဦးအနေဖြင့် MAPCO ၏ Contract Farming လုပ်ငန်းများနှင့် တွဲဖက်၍ တိုက်ကြီးမြို့နယ်နှင့် တွံတေးမြို့နယ်ရှိသတ်မှတ်ထားသည့် စပါးစိုက်ကွင်း စုစုပေါင်း (၄၃.၇) ဧကတွင် မိုးစပါးရာသီအတွက်လည်းကောင်း၊ နွေစပါးရာသီအတွက် စပါးစိုက်ကွင်းစုစုပေါင်း (၄၅.၃) ဧကတွင်လည်းကောင်း အချက်အလက်များစနစ်တကျ စုဆောင်းခဲ့ပါသည်။ Survey Data များ ပိုမိုတိကျစွာ စုဆောင်းကောက်ခံနိုင်ရန်အတွက် ၂၀၂၄ ခုနှစ်၊ မိုးစပါးရာသီအတွက်ဆောင်ရွက်ဆဲ တိုက်ကြီးနှင့် တွံတေးမြို့နယ်များအပြင် နေပြည်တော်ကောင်စီနှင့် မြောင်းမြမြို့နယ်များကိုပါ တိုးချဲ့ဆောင်ရွက်နိုင်ရန် စီစဉ်ဆောင်ရွက်နေပါကြောင်း ဖော်ပြအပ်ပါသည်။

## Survey Result

မိုးရာသီစပါးစိုက်ရာသီ (ရက်သတ္တပတ် ၇ ပတ်) တစ်ခုတည်းအတွက် အဖြေဖြစ်သော်လည်း Value ~ 0.7 (~70%) ရရှိသဖြင့် Satellite မှရရှိသည့်အဖြေနှင့် မြေပြင်မှရရှိသည့်အဖြေတို့သည် တူညီမှု ရာခိုင်နှုန်းများသဖြင့် စီမံကိန်းရည်ရွယ်ချက် ထိရောက်အောင်မြင်သည်ဟု ဆိုနိုင်ပါသည်။ ဂျပန်ပြည်တွင်းတွင် တိုင်းတာသည့် အဖြေထက် ပိုမိုတိကျမှုရှိသည်ကိုလည်း တွေ့ရှိရပါသည်။ နွေစပါးရာသီအတွက် အဖြေမှာ တွက်ချက်ဆဲ ဖြစ်သော်လည်း ရာသီဥတုကြည်လင်သဖြင့် ပိုမိုတိကျသောရလဒ်ရနိုင်မည်ဟု ခန့်မှန်းထားပါသည်။ သုတေသနစီမံကိန်း ပြီးဆုံးပါက လေ့လာထားသည့် ရလဒ်ကောင်းလျှင် ယခုနည်းပညာဖြစ်သော Technical Verification for Development of Farming Support Service Using Satellite Data ကို မိမိတို့ကုမ္ပဏီသာမက ဆန်စပါးစိုက်ပျိုး/ ထုတ်လုပ်သူများအားလုံး အသုံးချနိုင်ရန် ဝန်ဆောင်မှုပေးနိုင်ခြင်း၊ သဘာဝဘေးအန္တရာယ်များနှင့် ရာသီဥတုပြောင်းလဲမှုအပေါ် အာမခံထားရှိနိုင်မည့်စနစ်များ ပေါ်ထွန်းရေးတို့အပေါ် အကျိုးဖြစ်ထွန်းနိုင်မည်ဖြစ်၍ မိတ်ဖက်များနှင့် ပူးပေါင်းပြီး ဤလုပ်ငန်းကို စနစ်တကျ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တင်ပြအစီရင်ခံအပ်ပါသည်။